**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၂၄၁ /၂၀၂၆**

**၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော်  ၁၀  ရက်**

**(၂၀၂၆ ခုနှစ်၊  မတ်လ  ၁၂  ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ကိုဆိုသည်။

(ခ) **ယာယီမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ စိစစ်နေသည့်ကာလအတွင်း အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ယာယီဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(ဂ) **သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် အသင်းအဖွဲ့အဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ဥပဒေနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးရန် ခွင့်ပြုထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်။

(ဃ) **ထောက်ခံချက်** ဆိုသည်မှာ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံမှုကို မထင်မရှားပြန်ကြားချက်မှတစ်ပါး အသင်းအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များသည် မူဝါဒ၊ ရည်မှန်းချက်များနှင့် ကိုက်ညီမှု

ရှိပြီး ဌာန၏လုပ်ငန်းများကို အမှန်တကယ် အထောက်အကူပြုနိုင်ကြောင်း သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက ထောက်ခံသည့် အထောက်အထားကို ဆိုသည်။

( င ) **နားလည်မှုစာချွန်လွှာ(မူကြမ်း)**ဆိုသည်မှာ နားလည်မှုစာချွန်လွှာမဟုတ်သည့် အခြား ညှိနှိုင်းသဘောတူညီချက်မှတစ်ပါး မူလအခြေစိုက်နိုင်ငံရှိ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတွင် ဆောင်ရွက်နိုင်ရေးအတွက် ယင်း၏ရုံးခွဲနှင့် ပူးပေါင်းဆောင်ရွက်မည့် အစိုးရဌာန အဖွဲ့အစည်းတို့အကြား သဘောတူလက်မှတ်ရေးထိုးရန် နှစ်ဖက်အပြီးသတ်ညှိနှိုင်း ထားသည့် သဘောတူညီချက်ကိုဆိုသည်။

( စ ) **နှစ်ပတ်လည်အစီရင်ခံစာ** ဆိုသည်မှာ တစ်နှစ်တာကာလအတွင်း အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ကိုက်ညီသော ဆောင်ရွက်ချက်များအား ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီပြုစု၍ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြသည့် အစီရင်ခံစာကိုဆိုသည်။

(ဆ) **ငွေစာရင်းရှင်းတမ်း** ဆိုသည်မှာ အသင်းအဖွဲ့က အသင်းအဖွဲ့ပိုင် ငွေကြေးနှင့် ပစ္စည်းများကို လက်ခံရရှိခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ကို ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ဆ) နှင့်အညီ စာရင်းစစ်ဆေးထားသည့် ပုံစံ (၁၅) မှ ပုံစံ (၁၅-ဇ)ထိပါ စာရင်းကိုဆိုသည်။

( ဇ ) **အသင်းအဖွဲ့ပိုင်ပစ္စည်း** ဆိုသည်မှာ အသင်းအဖွဲ့သို့ လှူဒါန်းမှုနည်းလမ်းအရဖြစ်စေ၊ အသင်းအဖွဲ့ပိုင်ငွေကြေးဖြင့် ဝယ်ယူမှုနည်းလမ်းအရဖြစ်စေ၊ အသင်းအဖွဲ့ကရရှိသည့် ငွေကြေး၊ ရန်ပုံငွေ၊ ကြွေးမြီ၊ ကတိခံဝန်ချုပ်လက်မှတ်၊ လူမှုစတော့ရှယ်ယာ၊ ငွေချေး စာချုပ်၊ ဘဏ်စာရင်း၊ မူပိုင်ခွင့် သို့မဟုတ် ပစ္စည်းကိုဆိုသည်။

( ဈ ) **ပစ္စည်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်ပြီး ယင်းစကားရပ်တွင် ဒြပ်ရှိပစ္စည်း သို့မဟုတ် ဒြပ်မဲ့ပစ္စည်းလည်း ပါဝင် သည်။

(ည) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ ဖွဲ့စည်းထားရှိသော ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဆိုသည်။

( ဋ ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများအရ သတ်မှတ်သည့် ပုံစံကိုဆိုသည်။

## အခန်း(၂)

## မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ

၃။ မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်သည် ဥပဒေပုဒ်မ ၆ ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသားနှင့် ဝတ်စုံ၏ဒီဇိုင်းပုံစံတို့ကို သုံးစွဲရာတွင် ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ခ)ကို လိုက်နာခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ခ) အသင်းအဖွဲ့သည် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း ရှိ မရှိနှင့် ကျော်လွန်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) အသင်းအဖွဲ့သည် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(ဆ)နှင့်အညီ ပြုစုတင်ပြခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) အသင်းအဖွဲ့သည် အမည်ပြောင်းလဲခြင်း၊ အမှုဆောင်ပြောင်းလဲခြင်း၊ လိပ်စာပြောင်းလဲခြင်း၊ ရုံးခွဲဖွင့်လှစ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ တင်ပြခွင့်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ခြင်း၊

(င) အသင်းအဖွဲ့၏ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် လုပ်ငန်းဆောင်ရွက်ချက်များအား စိစစ်မှတ်တမ်းတင်ခြင်းနှင့် သံသယဖြစ်ဖွယ်အခြေအနေများရှိပါက လိုအပ်သည့် စုံစမ်းစစ်ဆေးအရေးယူမှုများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့်အစိုးရဌာန အဖွဲ့အစည်းများသို့ သတင်းအချက်အလက်များ ပေးပို့ခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ထားသည့် ပရဟိတအဖွဲ့အစည်း (NON-PROFIT ORGANIZATIONS)များနှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ချက် အစီရင်ခံစာနှင့်အညီ ကြီးကြပ်ခြင်း၊

(စ) မှတ်ပုံတင်ရေးအဖွဲ့များအကြား အဆင့်ဆင့်ကြီးကြပ်ခြင်းနှင့် သတင်းအချက်အလက်များ အပြန်အလှန်မျှဝေခြင်း။

## အခန်း(၃)

## ပြည်တွင်းအသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း

၄။ ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိရန် ပုံစံ(၁)ကိုဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၇ နှင့်အညီ လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင်

လျှောက်ထားပါက မတည်ငွေအဖြစ် အနည်းဆုံးငွေကျပ် သိန်းတစ်ထောင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့တွင် လျှောက်ထားပါက အနည်းဆုံးငွေကျပ်သိန်း ငါးရာကိုလည်းကောင်း အသင်းအဖွဲ့၏ တာဝန်ရှိသူ အနည်းဆုံးနှစ်ဦးဖြင့် စာရင်းဖွင့်လှစ်ထည့်သွင်းထားသည့် ဘဏ်စာအုပ် မိတ္တူကို တင်ပြရမည်။

၅။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၄ အရ လျှောက်ထားမှုကို လက်ခံရရှိပါက လျှောက်ထားသည့်နေ့ရက်မှစ၍ အစိုးရရုံးပိတ်ရက်မပါ ၂၁ ရက်အတွင်း ပြည်တွင်းအသင်းအဖွဲ့ ယာယီမှတ်ပုံတင်လက်မှတ်ကို ပုံစံ (၃) ဖြင့် ထုတ်ပေးရမည်။

၆။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုံစံ (၃) ထုတ်ပေးထားသည့် ပြည်တွင်းအသင်းအဖွဲ့၏ အမှုဆောင်အဖွဲ့ဝင်များကို အောက်ပါအရည်အချင်းများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်နိုင်ရန် ယင်း အမှုဆောင်အဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံပေးပို့ရမည်-

(က) မြန်မာနိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

( ခ ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

( ဂ ) နိုင်ငံရေးပါတီဝင်မဖြစ်ခြင်း၊

(ဃ) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းမဖြစ်ခြင်း၊

( င ) မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့နှစ်ဖွဲ့ထက်ပို၍ ပါဝင်မှုမရှိခြင်း၊

( စ ) သာသနာ့ဝန်ထမ်းမဖြစ်ခြင်း၊

(ဆ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုခြင်းခံထားရသူ သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူ မဖြစ်ခြင်း၊

( ဇ ) စိတ်ပေါ့သွပ်သူမဖြစ်ခြင်း၊

( ဈ ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသော အဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ မတရားအသင်း သို့မဟုတ် မတရား အသင်း၏အဖွဲ့ဝင်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်သူ သို့မဟုတ် အားပေးကူညီသူ မဖြစ်ခြင်း။

၇။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ပုံစံ (၃) ထုတ်ပေးထားသည့် ပြည်တွင်းအသင်းအဖွဲ့၏ အမှုဆောင်အဖွဲ့ဝင်များသည် နည်းဥပဒေ ၆ ပါ အရည်အချင်းများနှင့် ကိုက်ညီမှုရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏

စိစစ်ပြန်ကြားချက်ရရှိပါက အောက်ပါအချက်အလက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ရမည်-

(၁) နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ဖွယ်မရှိခြင်း၊

(၂) လျှောက်လွှာပါအချက်များသည် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိခြင်း၊

(၃) နိုင်ငံတော်၏မူဝါဒများ သို့မဟုတ် တည်ဆဲဥပဒေများနှင့်ညီညွတ်မှုရှိခြင်း၊

(၄) နိုင်ငံတော်နှင့်နိုင်ငံသားများကို အကျိုးပြုသော လူမှုရေးလုပ်ငန်းများဖြစ်ခြင်း၊

(၅) လူမှုရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် အားလုံးကို ဆိုးကျိုးသက်ရောက်နိုင်ဖွယ် မရှိခြင်း၊

(၆) ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ပါ ဖော်ပြချက်များသည် ထောက်ခံချက်ပေး ထားသော အစိုးရဌာနအဖွဲ့အစည်းများ၏ မူဝါဒ၊ ရည်ရွယ်ချက်များနှင့် ဆက်စပ်မှုရှိခြင်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းများကို အထောက် အကူပြုနိုင်ခြင်း၊

(၇) နိုင်ငံတော်၏ ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နိုင် ဖွယ်မရှိခြင်း၊

(၈) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ထိခိုက်စေမည့် လုပ်ဆောင်မှုမျိုးကို ဆောင်ရွက်နိုင်ဖွယ်မရှိခြင်း၊

(၉) နိုင်ငံတော်၏ နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေမည့် သတင်းအမှားများ ဖြန့်ဝေမှုမျိုးကို လုပ်ဆောင်နိုင်ဖွယ်မရှိခြင်း။

( ခ ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်းဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက် အတွင်း ပုံစံ (၃) ထုတ်ပေးထားသည့် ပြည်တွင်းအသင်းအဖွဲ့ထံ ဆုံးဖြတ်သည့် နေ့ရက်ကို ဖော်ပြ၍ မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

( ဂ ) မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ဥပဒေပုဒ်မ ၁၀ နှင့်အညီ ပုံစံ (၃) ထုတ်ယူထားသည့် ပြည်တွင်းအသင်းအဖွဲ့ထံ ပြန်ကြားရမည်။

(ဃ) ပုံစံ (၃) ထုတ်ပေးထားသည့် ပြည်တွင်းအသင်းအဖွဲ့၏ အမှုဆောင်အဖွဲ့ဝင်များသည် နည်းဥပဒေ ၆ ပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စိစစ်ပြန်ကြားချက်ရရှိပါက ကိုက်ညီမှုမရှိသော အမှုဆောင်အဖွဲ့ဝင်များနှင့်စပ်လျဉ်း၍ ပြင်ဆင်လျှောက်ထားရန် သက်ဆိုင်ရာ ပြည်တွင်းအသင်းအဖွဲ့ထံ အကြောင်းကြားရမည်။

( င ) နည်းဥပဒေခွဲ(ဃ)အရ အကြောင်းကြားမှုကို လက်ခံရရှိသော ယာယီမှတ်ပုံတင်လက်မှတ်ရရှိထားသည့် ပြည်တွင်းအသင်းအဖွဲ့က မကိုက်ညီသည့် ယင်း၏ အမှုဆောင်အဖွဲ့ဝင်များအစား အမှုဆောင်အဖွဲ့ဝင်အသစ်ကို ထည့်သွင်းဖွဲ့စည်းပြီး တင်ပြလာပါက အစားထိုးဖွဲ့စည်းသည့် အမှုဆောင်အဖွဲ့ဝင်များ၏ အချက်အလက်များကို စိစစ်နိုင်ရန် နည်းဥပဒေ ၆ နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ ပေးပို့ရမည်။

၈။ နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ပါတို့ကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ ယင်းအသင်းအဖွဲ့၏ တာဝန်ရှိသူကိုယ်တိုင် တင်ပြအပ်နှံရမည်-

(က) မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်းဆုံးဖြတ်သည့်နေ့ရက်မှ ၂၃ ရက်အတွင်း ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) တွင် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း၊

( ခ ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကို ခွင့်ပြုသော ပြည်တွင်းအသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မိတ္တူ၊

( ဂ ) ပုံစံ (၃) မူရင်း။

၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၈ ပါ အထောက်အထား၊ စာရွက်စာတမ်းများ တင်ပြအပ်နှံပါက ပြည်တွင်းအသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်ကို ပုံစံ (၅) ဖြင့် ထုတ်ပေးရမည်၊

( ခ ) ပြည်တွင်းအသင်းအဖွဲ့က နည်းဥပဒေ ၈ နှင့်အညီ ဆောင်ရွက်မှုမရှိလျှင် ပုံစံ (၃) ကို ပယ်ဖျက်ခြင်း သို့မဟုတ် ထုတ်ယူမှုမရှိသည့် ပုံစံ (၅) ကို ပယ်ဖျက်ခြင်း ပြုရမည်။

၁၀။ ပြည်တွင်းအသင်းအဖွဲ့သည် နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ဂ) အရ ပြန်ကြားစာကို လက်ခံရရှိပါက ယင်းပြန်ကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို

ပြုလုပ်၍ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်လက်မှတ်ရရှိရန် နည်းဥပဒေ ၄ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်သည်။

၁၁။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၁၀ အရ ပြည်တွင်းအသင်းအဖွဲ့၏ ပြန်လည်လျှောက်ထားမှုကို လက်ခံရရှိပါက အောက်ပါအချက်များကို စိစစ်၍ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ရမည်-

(၁) နည်းဥပဒေ ၇ နည်းဥပဒေခွဲ (က) ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ မရှိ ထပ်မံစိစစ်ခြင်း၊

(၂) ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပြင်ဆင်တင်ပြခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို စိစစ်ခြင်း။

(ခ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်ပါက နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေ ၉ တို့နှင့်အညီ ဆောင်ရွက်ရမည်။

၁၂။ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားလိုသော ပြည်တွင်းအသင်းအဖွဲ့သည် ပုံစံ(၇)ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (က)နှင့်အညီ လျှောက်ထားရမည်။

၁၃။ ပြည်တွင်းအသင်းအဖွဲ့သည် နည်းဥပဒေ ၁၂ အရ လျှောက်ထားရာတွင် သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိပါက သက်တမ်းတိုးမှတ်ပုံတင်ကြေးအပြင် အောက်ပါသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများကိုလည်း သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်-

(က) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ၈၉ ရက်မှ ၆၁ ရက်အတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားခြင်းဖြစ်ပါက သက်တမ်းတိုးမှတ်ပုံတင်ကြေး၏ ၁၀ ရာခိုင်နှုန်း၊

(ခ) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ၆၀ ရက်မှ ၃၁ ရက်အတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားခြင်းဖြစ်ပါက သက်တမ်းတိုးမှတ်ပုံတင်ကြေး၏ ၂၀ ရာခိုင်နှုန်း၊

(ဂ) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီရက်ပေါင်း ၃၀ အတွင်းမှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားခြင်းဖြစ်ပါက သက်တမ်းတိုးမှတ်ပုံတင်ကြေး၏ ၃၀ ရာခိုင်နှုန်း။

၁၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၁၂ အရ လျှောက်ထားမှုကိုလက်ခံရရှိပါက ယင်းလျှောက်ထားမှုကို မှတ်တမ်းတင်၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နည်းဥပဒေ ၆ ပါ အရည်အချင်းများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်နိုင်ရန် အမှုဆောင်အဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ ပေးပို့ခြင်း၊

(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်ပြီး ကိုက်ညီမှုရှိကြောင်း ပြန်ကြားပါက နည်းဥပဒေ ၇ နည်းဥပဒေခွဲ (က) ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး ပြည်တွင်းအသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ခြင်း။

( ခ ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်းဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ရရှိရန် လျှောက်ထားသည့် ပြည်တွင်းအသင်းအဖွဲ့ထံ ဆုံးဖြတ်သည့်နေ့ရက်ကို ဖော်ပြ၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

( ဂ ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်မပြုကြောင်း ဆုံးဖြတ်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်ရာတွင် ကိုက်ညီမှုမရှိကြောင်း ပြန်ကြားလျှင်ဖြစ်စေ ထိုသို့ဆုံးဖြတ်သည့်နေ့ရက် သို့မဟုတ် ထိုသို့စိစစ်ပြန်ကြားချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခွင့်မပြုရသည့် အကြောင်းအရင်းကို ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်မပြုကြောင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားသည့် ပြည်တွင်းအသင်းအဖွဲ့ထံ ပြန်ကြားရမည်။

၁၅။ နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် ပြည်တွင်းအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ပါတို့ကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ ယင်းအသင်းအဖွဲ့၏ တာဝန်ရှိသူကိုယ်တိုင် တင်ပြအပ်နှံရမည်-

(က) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်းဆုံးဖြတ်သည့်နေ့ရက်မှ ၂၃ ရက်အတွင်း ဥပဒေပုဒ်မ ၁၅ တွင် သတ်မှတ်ထားသည့် သက်တမ်းတိုးမှတ်ပုံတင်ကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း၊

( ခ ) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်း မရှိပါက နည်းဥပဒေ ၁၃ ပါ ဒဏ်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း၊

( ဂ ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မိတ္တူ၊

(ဃ) သက်တမ်းကုန်ဆုံးသည့်မှတ်ပုံတင်လက်မှတ်မူရင်း။

၁၆။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၁၅ ပါ အထောက်အထား၊ စာရွက်စာတမ်းများ တင်ပြအပ်နှံပါက ပြည်တွင်းအသင်းအဖွဲ့သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပုံစံ (၉) ဖြင့် ထုတ်ပေးရမည်၊

( ခ ) ပြည်တွင်းအသင်းအဖွဲ့က နည်းဥပဒေ ၁၅ နှင့်အညီ ဆောင်ရွက်မှုမရှိလျှင် ထုတ်ယူခြင်းမရှိသည့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်။

၁၇။ ပြည်တွင်းအသင်းအဖွဲ့သည် နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ဂ) အရ ပြန်ကြားစာကို လက်ခံရရှိပါက ယင်းပြန်ကြားစာလက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို ပြုလုပ်၍ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ရရှိရန် နည်းဥပဒေ ၁၂ နှင့်အညီ ပြန်လည် လျှောက်ထားနိုင်သည်။

၁၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၁၇ အရ ပြည်တွင်းအသင်းအဖွဲ့၏ ပြန်လည်လျှောက်ထားမှုကို လက်ခံရရှိပါက အောက်ပါအချက်များကို စိစစ်၍ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ရမည်-

(၁) နည်းဥပဒေ ၇ နည်းဥပဒေခွဲ (က)ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ မရှိ ထပ်မံစိစစ်ခြင်း၊

(၂) ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပြင်ဆင်တင်ပြခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို စိစစ်ခြင်း။

( ခ ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်ပါက နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေ ၁၆ တို့နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၄)

## အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း

၁၉။ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိရန် ပုံစံ (၂) ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၁၇ နှင့်အညီ လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် မတည်ငွေအဖြစ် အနည်းဆုံးငွေကျပ်သိန်းသုံးထောင်ကို အသင်းအဖွဲ့၏ တာဝန်ရှိသူ အနည်းဆုံးနှစ်ဦးဖြင့် စာရင်းဖွင့်လှစ်ထည့်သွင်းထားသည့် ဘဏ်စာအုပ် သို့မဟုတ် ဘဏ်ရှင်းတမ်းမိတ္တူကို တင်ပြရမည်။

၂၀။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၁၉ နှင့်အညီ လျှောက်ထားမှုကို လက်ခံရရှိပါက လျှောက်ထားသည့်နေ့ရက်မှစ၍ အစိုးရရုံးပိတ်ရက်မပါ ၂၁ ရက်အတွင်း အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ယာယီမှတ်ပုံတင်လက်မှတ်ကို ပုံစံ (၄) ဖြင့် ထုတ်ပေးရမည်။

၂၁။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ပုံစံ (၄) ထုတ်ပေးထားသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့၏ အမှုဆောင်အဖွဲ့ဝင်များကို အောက်ပါအရည်အချင်းများနှင့်ကိုက်ညီမှုရှိ မရှိ စိစစ်နိုင်ရန် ယင်းအမှုဆောင်အဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ ပေးပို့ရမည်-

(က) နိုင်ငံခြားသားအမှုဆောင်အဖွဲ့ဝင်များသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများဖြစ်ခြင်း၊

(ခ) နိုင်ငံခြားသားအမှုဆောင်အဖွဲ့ဝင်များသည် အသင်းအဖွဲ့အခြေစိုက်နိုင်ငံရှိ အသင်းအဖွဲ့က တာဝန်ပေးအပ်သူဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသား အမှုဆောင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

(ဃ) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(င) နိုင်ငံရေးပါတီဝင်မဖြစ်ခြင်း၊

(စ) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းမဖြစ်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့နှစ်ဖွဲ့ထက်ပို၍ ပါဝင်မှုမရှိခြင်း၊

(ဇ) သာသနာ့ဝန်ထမ်းမဖြစ်ခြင်း၊

(ဈ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုခြင်းခံထားရသူ သို့မဟုတ် ထောင်ဒဏ်ကျခံနေရသူမဖြစ်ခြင်း၊

(ည) စိတ်ပေါ့သွပ်သူမဖြစ်ခြင်း၊

(ဋ) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသောအဖွဲ့အစည်း၊ ယင်းအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ မတရားအသင်း သို့မဟုတ် မတရားအသင်း၏ အဖွဲ့ဝင်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်သူ သို့မဟုတ် အားပေးကူညီသူ မဖြစ်ခြင်း။

၂၂။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) ပုံစံ (၄) ထုတ်ပေးထားသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့၏ အမှုဆောင်အဖွဲ့ဝင်များသည် နည်းဥပဒေ ၂၁ ပါ အရည်အချင်းများနှင့် ကိုက်ညီမှုရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စိစစ်ပြန်ကြားချက်ရရှိပါက အောက်ပါအချက်အလက်များနှင့်

ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ရမည်–

(၁) နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ဖွယ်မရှိခြင်း၊

(၂) လျှောက်လွှာပါအချက်များသည် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိခြင်း၊

(၃) နိုင်ငံတော်၏မူဝါဒများ သို့မဟုတ် တည်ဆဲဥပဒေများနှင့်ညီညွတ်မှုရှိခြင်း၊

(၄) နိုင်ငံတော်နှင့်နိုင်ငံသားများကို အကျိုးပြုသော လူမှုရေးလုပ်ငန်းများဖြစ်ခြင်း၊

(၅) လူမှုရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် အားလုံးကို ဆိုးကျိုးသက်ရောက်နိုင် ဖွယ်မရှိခြင်း၊

(၆) ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်ပါ ဖော်ပြချက်များသည် ထောက်ခံချက်ပေးထား သော အစိုးရဌာနအဖွဲ့အစည်းများ၏ မူဝါဒ၊ ရည်ရွယ်ချက်များနှင့် ဆက်စပ်မှု ရှိခြင်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းများကို အထောက်အကူပြု နိုင်ခြင်း၊

(၇) နိုင်ငံတော်၏ ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နိုင် ဖွယ်မရှိခြင်း၊

(၈) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ထိခိုက်စေမည့် လုပ်ဆောင်မှုမျိုးကို ဆောင်ရွက်နိုင်ဖွယ်မရှိခြင်း၊

(၉) နိုင်ငံတော်၏ နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေမည့် သတင်းအမှားများ ဖြန့်ဝေမှုမျိုးကို လုပ်ဆောင်နိုင်ဖွယ်မရှိခြင်း။

( ခ ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက် အတွင်း ပုံစံ (၄) ထုတ်ပေးထားသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ထံ ဆုံးဖြတ်သည့်နေ့ရက်ကိုဖော်ပြ၍ မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြား ရမည်။

( ဂ ) မှတ်ပုံတင်ခြင်းကို ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ဥပဒေပုဒ်မ ၂၀ နှင့်အညီ ပုံစံ (၄) ထုတ်ယူထားသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ထံ ပြန်ကြားရမည်။

(ဃ) ပုံစံ (၄) ထုတ်ပေးထားသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့၏ အမှုဆောင် အဖွဲ့ဝင်များသည် နည်းဥပဒေ ၂၁ ပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု

မရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်ပြန်ကြားလာပါက ကိုက်ညီမှုမရှိသော အမှုဆောင်အဖွဲ့ဝင်များနှင့်စပ်လျဉ်း၍ ပြင်ဆင်လျှောက်ထားရန် သက်ဆိုင်ရာ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ထံ အကြောင်းကြားရမည်။

( င ) နည်းဥပဒေခွဲ(ဃ)အရ အကြောင်းကြားမှုကို လက်ခံရရှိသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့က မကိုက်ညီသည့် ယင်း၏ အမှုဆောင်အဖွဲ့ဝင်များအစား အမှုဆောင်အဖွဲ့ဝင်အသစ်ကို ထည့်သွင်းဖွဲ့စည်းပြီး တင်ပြလာပါက အစားထိုးဖွဲ့စည်းသည့် အမှုဆောင်အဖွဲ့ဝင်များ၏ အချက်အလက်များကို စိစစ်နိုင်ရန် နည်းဥပဒေ ၂၁ နှင့် အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ ပေးပို့ရမည်။

၂၃။ နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ပါတို့ကို ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ထံ ယင်းအသင်းအဖွဲ့၏ တာဝန်ရှိသူကိုယ်တိုင် တင်ပြအပ်နှံရမည်-

(က) မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်းဆုံးဖြတ်သည့်နေ့ရက်မှ ၂၃ ရက်အတွင်း မှတ်ပုံတင်ကြေး ကျပ်ငါးသိန်းကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သို့ ပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း၊

( ခ ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကိုခွင့်ပြုသော အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မိတ္တူ၊

( ဂ ) ပုံစံ (၄) မူရင်း။

၂၄။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၂၃ ပါအထောက်အထား၊ စာရွက်စာတမ်းများ တင်ပြအပ်နှံပါက အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်ကို ပုံစံ (၆) ဖြင့် ထုတ်ပေးရမည်၊

( ခ ) အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့က နည်းဥပဒေ ၂၃ နှင့်အညီ ဆောင်ရွက်ခြင်းမရှိလျှင် ပုံစံ(၄) ကို ပယ်ဖျက်ခြင်း သို့မဟုတ် ထုတ်ယူမှုမရှိသည့် ပုံစံ (၆) ကို ပယ်ဖျက်ခြင်း ပြုရမည်။

၂၅။ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (ဂ) အရ ပြန်ကြားစာကို လက်ခံရရှိပါက ယင်းပြန်ကြားစာလက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း

ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို ပြုလုပ်၍ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်လက်မှတ်ရရှိရန် နည်းဥပဒေ ၁၉ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်သည်။

၂၆။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၂၅ အရ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့၏ ပြန်လည်လျှောက်ထားမှုကို လက်ခံရရှိပါက အောက်ပါအချက်များကို စိစစ်၍ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ရမည်-

(၁) နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (က) ပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိမရှိ ထပ်မံစိစစ်ခြင်း၊

(၂) ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပြင်ဆင်တင်ပြခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို စိစစ်ခြင်း။

(ခ) မှတ်ပုံတင်ခြင်းကိုခွင့်ပြုကြောင်း ဆုံးဖြတ်ပါက နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (ခ)နှင့် နည်းဥပဒေ ၂၄ တို့နှင့်အညီ ဆောင်ရွက်ရမည်။

၂၇။ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားလိုသော အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် ပုံစံ (၈) ကိုဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက် ပြည့်စုံစွာဖြင့် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (က)နှင့်အညီ လျှောက်ထားရမည်။

၂၈။ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် နည်းဥပဒေ ၂၇ အရ လျှောက်ထားရာတွင် သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိပါက သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ်သုံးသိန်းအပြင် အောက်ပါသတ်မှတ်ချက်များအတိုင်း ဒဏ်ကြေးများကိုလည်း မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သို့ ပေးသွင်းရမည်-

(က) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ၈၉ ရက်မှ ၆၁ ရက်အတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားခြင်းဖြစ်ပါက သက်တမ်းတိုးမှတ်ပုံတင်ကြေး၏ ၁၀ ရာခိုင်နှုန်း၊

(ခ) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ၆၀ ရက်မှ ၃၁ ရက်အတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားခြင်းဖြစ်ပါက သက်တမ်းတိုးမှတ်ပုံတင်ကြေး၏ ၂၀ ရာခိုင်နှုန်း၊

(ဂ) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားခြင်းဖြစ်ပါက သက်တမ်းတိုးမှတ်ပုံတင်ကြေး၏ ၃၀ ရာခိုင်နှုန်း။

၂၉။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၂၇ အရ လျှောက်ထားမှုကို လက်ခံရရှိပါက ယင်းလျှောက်ထားမှုအား မှတ်တမ်းတင်၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နည်းဥပဒေ ၂၁ ပါ အရည်အချင်းများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်နိုင်ရန် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ အမှုဆောင်အဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံပေးပို့ခြင်း၊

(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်ပြီး ကိုက်ညီမှုရှိကြောင်း ပြန်ကြားပါက နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(က)ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ခြင်း။

( ခ ) မှတ်ပုံတင်လက်မှတ်သက်တိုးခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်ပါက ဆုံးဖြတ်သည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ရရှိရန် လျှောက်ထားသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ထံ ဆုံးဖြတ်သည့်နေ့ရက်ကို ဖော်ပြ၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားရမည်။

( ဂ ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်မပြုကြောင်း ဆုံးဖြတ်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စိစစ်ရာတွင် ကိုက်ညီမှုမရှိကြောင်း စိစစ်ပြန်ကြားလျှင်ဖြစ်စေ ထိုသို့ဆုံးဖြတ်သည့်နေ့ရက် သို့မဟုတ် ထိုသို့ပြန်ကြားချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခွင့်မပြုရသည့် အကြောင်းအရင်းကို ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်မပြုကြောင်း မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ထံ ပြန်ကြားရမည်။

၃၀။ နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ပါတို့ကို ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ထံ ယင်းအသင်းအဖွဲ့၏ တာဝန်ရှိသူကိုယ်တိုင် တင်ပြအပ်နှံရမည်-

(က) မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့ရက်မှ ၂၃ ရက်အတွင်း သက်တမ်းတိုးမှတ်ပုံတင်ကြေး ကျပ်သုံးသိန်းကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သို့ ပေးသွင်းပြီးကြောင်း အထောက်အထားမှုရင်း၊

( ခ ) သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀ ကြိုတင်၍ လျှောက်ထားခြင်းမရှိပါက နည်းဥပဒေ ၂၈ ပါ ဒဏ်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း၊

( ဂ ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခြင်းကို ခွင့်ပြုထားသော အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မိတ္တူ၊

(ဃ) သက်တမ်းကုန်ဆုံးသည့် မှတ်ပုံတင်လက်မှတ်မူရင်း။

၃၁။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၃၀ ပါ အထောက်အထား၊ စာရွက်စာတမ်းများ တင်ပြအပ်နှံပါက အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပုံစံ (၁၀) ဖြင့် ထုတ်ပေးရမည်၊

( ခ ) အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့က နည်းဥပဒေ ၃၄ နှင့်အညီ ဆောင်ရွက်မှုမရှိလျှင် ထုတ်ယူခြင်းမရှိသည့် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်။

၃၂။ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် နည်းဥပဒေ၂၉ နည်းဥပဒေခွဲ (ဂ) အရ ပြန်ကြားစာကို လက်ခံရရှိပါက ယင်းပြန်ကြားစာလက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို ပြုလုပ်၍ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခွင့်ရရှိရန် နည်းဥပဒေ ၂၇ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်သည်။

၃၃။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၃၂ အရ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့၏ ပြန်လည်လျှောက်ထားမှုအား လက်ခံရရှိပါက အောက်ပါအချက်များကို စိစစ်၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြု မပြု ဆုံးဖြတ်ရမည်-

(၁) နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (က) ပါ အချက်အလက်များနှင့် ကိုက်ညီမှု ရှိ မရှိ ထပ်မံစိစစ်ခြင်း၊

(၂) ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပြင်ဆင်တင်ပြခြင်းနှင့် ရှင်းလင်းတင်ပြခြင်းတို့ကို စိစစ်ခြင်း။

( ခ ) မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးခြင်းကို ခွင့်ပြုကြောင်း ဆုံးဖြတ်ပါက နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေ ၃၁ တို့နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)

## အသင်းအဖွဲ့ဆိုင်ရာအချက်အလက်များ ပြင်ဆင်ပြောင်းလဲခြင်း

၃၄။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲဆောင်ရွက်လိုလျှင်ဖြစ်စေ၊ တိုးချဲ့ဆောင်ရွက်လိုလျှင်ဖြစ်စေ ပုံစံ (၁၁) ကို ဖြည့်စွက်၍ ပူးတွဲပါအချက်အလက် ပြည့်စုံစွာဖြင့် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ဈ)နှင့်အညီ လျှောက်ထားရမည်။

၃၅။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၃၄ အရ လျှောက်ထားမှုကို လက်ခံရရှိပါက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ပြည်တွင်းအသင်းအဖွဲ့ဖြစ်ပါက နည်းဥပဒေ ၇ နည်းဥပဒေခွဲ (က) ပါ သတ်မှတ်ချက်များဖြင့်လည်းကောင်း၊ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ ဖြစ်ပါက နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (က) ပါ သတ်မှတ်ချက်များဖြင့်လည်းကောင်း ကိုက်ညီမှု ရှိ မရှိ စိစစ်၍ ခွင့်ပြု မပြု ဆုံးဖြတ်ခြင်း၊

( ခ ) နည်းဥပဒေခွဲ (က)အရ ဆုံးဖြတ်ချက်ကို ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ လျှောက်ထားသည့် အသင်းအဖွဲ့ထံ ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အကြောင်းကြားခြင်း။

၃၆။ နည်းဥပဒေ ၃၅ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ မှတ်ပုံတင်ကြေး၏ ၅ ရာခိုင်နှုန်းကို အခကြေးငွေအဖြစ် ပေးသွင်း၍ ငွေသွင်းပြီးကြောင်း အထောက်အထားနှင့် ပြည်တွင်းအသင်းအဖွဲ့ဖြစ်ပါက မူလပုံစံ (၅) (နောက်ဆက်တွဲ(က)) ကိုလည်းကောင်း၊ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ ဖြစ်ပါက မူလပုံစံ (၆) (နောက်ဆက်တွဲ(က)) ကိုလည်းကောင်း တင်ပြအပ်နှံပြီး ခွင့်ပြုသည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်ပါ အသစ်ထုတ်ပေးသည့် ပုံစံ (၅) (နောက်ဆက်တွဲ(က)) ကို ပြည်တွင်းအသင်းဖွဲ့မှ တာဝန်ရှိသူကိုယ်တိုင်ကလည်းကောင်း၊ ပုံစံ (၆) (နောက်ဆက်တွဲ(က)) ကို အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့မှ တာဝန်ရှိသူ ကိုယ်တိုင်ကလည်းကောင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံမှ ထုတ်ယူခြင်း၊

( ခ ) ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်းကို ခွင့်မပြုကြောင်း အကြောင်းကြားမှုကို လက်ခံရရှိပါက ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင်

ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများကို ပြုလုပ်၍ နည်းဥပဒေ ၃၄ နှင့်အညီ ပြန်လည်လျှောက်ထားခြင်း။

၃၇။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အမည်ပြောင်းလဲခြင်း ပြုလုပ်လိုလျှင် ပုံစံ (၁၂)ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ည) နှင့်အညီ လျှောက်ထားရမည်။

၃၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၃၇ အရ လျှောက်ထားမှုကို လက်ခံရရှိပါက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အောက်ပါအချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်၍ ခွင့်ပြု မပြု ဆုံးဖြတ်ခြင်း-

(၁) ပြည်တွင်းအသင်းအဖွဲ့ဖြစ်ပါက နည်းဥပဒေ ၇ နည်းဥပဒေခွဲ(က) ပါ သတ်မှတ်ချက်များဖြင့်လည်းကောင်း၊ အစိုးရမဟုတ်သောနိုင်ငံတကာ အသင်းအဖွဲ့ဖြစ်ပါက နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (က) သတ်မှတ်ချက်များ ဖြင့်လည်းကောင်း ကိုက်ညီမှု ရှိ မရှိ၊

(၂) ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဆ) ပါ လူမှုရေးလုပ်ငန်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ဆန့်ကျင်ခြင်း ရှိ မရှိ၊

(၃) ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ခ) နှင့်ကိုက်ညီမှု ရှိ မရှိ၊

(၄) အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့်ကိုက်ညီမှု ရှိ မရှိ။

( ခ ) နည်းဥပဒေခွဲ (က)အရ ဆုံးဖြတ်ချက်ကို ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ လျှောက်ထားသည့် အသင်းအဖွဲ့ထံ ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အကြောင်းကြားခြင်း။

၃၉။ နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ (ခ)အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အမည်ပြောင်းလဲခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ မှတ်ပုံတင်ကြေး၏ ၅ ရာခိုင်နှုန်းကို အခကြေးငွေအဖြစ် ပေးသွင်း၍ ငွေသွင်းပြီးကြောင်း အထောက်အထားနှင့် ပြည်တွင်းအသင်းအဖွဲ့ဖြစ်ပါက မူလပုံစံ (၅) ကိုလည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ဖြစ်ပါက မူလပုံစံ (၆) ကိုလည်းကောင်း တင်ပြအပ်နှံပြီး ခွင့်ပြုသည့်အမည်ပါ ပုံစံ (၅) ကို ပြည်တွင်းအသင်းအဖွဲ့၏ တာဝန်ရှိသူကိုယ်တိုင်က

လည်းကောင်း၊ ခွင့်ပြုသည့်အမည်ပါ ပုံစံ (၆) ကို အစိုးရမဟုတ်သောနိုင်ငံတကာ အသင်းအဖွဲ့၏ တာဝန်ရှိသူကိုယ်တိုင်ကလည်းကောင်း သက်ဆိုင်ရာမှတ်ပုံတင်ရေး အဖွဲ့ထံမှ ထုတ်ယူခြင်း၊

( ခ ) အမည်ပြောင်းလဲခြင်းကို ခွင့်မပြုကြောင်း အကြောင်းကြားမှုကို လက်ခံရရှိပါက ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင် ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်း သည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်း နှင့်ရှင်းလင်းတင်ပြခြင်းများကို ပြုလုပ်၍ နည်းဥပဒေ ၃၇ နှင့်အညီ ပြန်လည်လျှောက်ထားခြင်း။

၄၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် မိမိ၏ လိပ်စာပြောင်းလဲခြင်း၊ ရုံးခွဲဖွင့်လှစ်ခြင်း၊ ရုံးခွဲတိုးချဲ့ခြင်း သို့မဟုတ် ရုံးခွဲလျှော့ချခြင်း ပြုလုပ်လိုလျှင် ပုံစံ (၁၃) ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက် ပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ည) နှင့်အညီ လျှောက်ထားရမည်။

၄၁။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၄၀ အရ လျှောက်ထားမှုကို လက်ခံရရှိပါက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အောက်ပါအချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်၍ ခွင့်ပြု မပြု ဆုံးဖြတ်ခြင်း-

(၁) တိုးချဲ့၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် နေရာသည် သတ်မှတ်ထားသည့် နေရာ ဒေသ ကျော်လွန်ခြင်း ရှိ မရှိ၊

(၂) တိုးချဲ့၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် နေရာသည် အသင်းအဖွဲ့က ပိုင်ဆိုင်မှု၊ ငှားရမ်းထားရှိမှု သို့မဟုတ် အသင်းအဖွဲ့ကို အသုံးပြုခွင့်ပေးထားသည့် အထောက်အထားများ မှန်ကန်မှု ရှိ မရှိ၊

(၃) လျှောက်ထားလာသည့် အကြောင်းအရင်းသည် ကျိုးကြောင်းခိုင်လုံမှု ရှိ မရှိ၊

(၄) ခွင့်ပြုထားသည့် အသင်းအဖွဲ့အမည်ဖြင့် ရုံးခွဲ ဖွင့်လှစ်ရန် လျှောက်ထားခြင်း ရှိ မရှိ၊

(၅) ရုံးခွဲတွင်ဆောင်ရွက်မည့် လူမှုရေးလုပ်ငန်းသည် အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှု ရှိ မရှိ၊

(၆) တိုးချဲ့၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် နေရာသည် အသွားအလာကန့်သတ်ထား သည့် ဒေသအတွင်း ကျရောက်နေခြင်း ရှိ မရှိ။

( ခ ) နည်းဥပဒေခွဲ (က) အရ ဆုံးဖြတ်ချက်ကို ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ လျှောက် ထားသည့် အသင်းအဖွဲ့ထံ ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အကြောင်း ကြားခြင်း။

၄၂။ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လိပ်စာပြောင်းလဲခြင်းကို ခွင့်ပြုကြောင်း အကြောင်းကြားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ မှတ်ပုံတင်ကြေး၏ ၅ ရာခိုင်နှုန်းကို အခကြေးငွေအဖြစ် ပေးသွင်း၍ ငွေသွင်းပြီးကြောင်း အထောက်အထားနှင့် ပြည်တွင်းအသင်းအဖွဲ့ဖြစ်ပါက မူလပုံစံ (၅)နှင့် ပုံစံ(၅) (နောက်ဆက်တွဲ (ခ)) ကိုလည်းကောင်း၊ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့ဖြစ်ပါက မူလပုံစံ (၆)နှင့် ပုံစံ(၆) (နောက်ဆက်တွဲ (ခ)) ကိုလည်းကောင်း တင်ပြအပ်နှံပြီး ခွင့်ပြုသည့်လိပ်စာပါ ပုံစံ (၅) နှင့် ပုံစံ(၅) (နောက်ဆက်တွဲ (ခ)) ကို ပြည်တွင်းအသင်းအဖွဲ့မှ တာဝန်ရှိသူ ကိုယ်တိုင်ကလည်းကောင်း၊ ခွင့်ပြုသည့် လိပ်စာပါ ပုံစံ (၆) နှင့် ပုံစံ(၆) (နောက်ဆက်တွဲ (ခ)) ကို အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့မှ တာဝန်ရှိသူကိုယ်တိုင်ကလည်းကောင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံမှ ထုတ်ယူခြင်း၊

( ခ ) နည်းဥပဒေ ၄၀ အရ လျှောက်ထားမှုကို ခွင့်မပြုကြောင်း အကြောင်းကြားမှုကို လက်ခံရရှိပါက ယင်းဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင် ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများကို ပြုလုပ်၍ နည်းဥပဒေ ၄၀ နှင့်အညီ ပြန်လည် လျှောက်ထားခြင်း။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အမှုဆောင်အဖွဲ့ဝင်ပြောင်းလဲလိုလျှင် ပုံစံ (၁၄)ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ည) နှင့်အညီ လျှောက်ထားရမည်။

၄၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၄၃ အရ လျှောက်ထားမှုကို လက်ခံရရှိပါက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ပြည်တွင်းအသင်းအဖွဲ့ဖြစ်ပါက နည်းဥပဒေ ၆ ပါ အရည်အချင်းများနှင့်လည်းကောင်း၊ အစိုးရမဟုတ်သောနိုင်ငံတကာ အသင်းအဖွဲ့ဖြစ်ပါက နည်းဥပဒေ ၂၁ ပါ အရည်အချင်းများနှင့်လည်းကောင်း ကိုက်ညီမှု ရှိ မရှိ စိစစ်နိုင်ရန် ပြောင်းလဲမည့်အမှုဆောင်အဖွဲ့ဝင်၏ ကိုယ်ရေးအချက်အလက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ ပေးပို့ခြင်း၊

( ခ ) နည်းဥပဒေခွဲ (က) အရ စိစစ်ပြန်ကြားချက်ကို လက်ခံရရှိပါက လျှောက်ထားမှုကို ခွင့်ပြု မပြု ဆုံးဖြတ်ခြင်း၊

( ဂ ) နည်းဥပဒေခွဲ(ခ) အရ ဆုံးဖြတ်ချက်ကို ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ လျှောက်ထားသည့် အသင်းအဖွဲ့ထံ ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အကြောင်းကြားခြင်း။

၄၅။ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ (ဂ) အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အမှုဆောင်အဖွဲ့ဝင်ပြောင်းလဲခြင်းကို ခွင့်မပြုကြောင်း အကြောင်းကြားမှုကို လက်ခံရရှိပါက ခွင့်မပြုသော အကြောင်းအရင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ပြင်ဆင်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများကိုပြုလုပ်၍ နည်းဥပဒေ ၄၃ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်သည်။

၄၆။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် မိမိအမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးက နည်းဥပဒေ ၆ ပါအရည်အချင်းတစ်ရပ်ရပ် သို့မဟုတ် နည်းဥပဒေ ၂၁ ပါ အရည်အချင်း တစ်ရပ်ရပ် ပျက်ယွင်းကြောင်းပေါ်ပေါက်လျှင် အဆိုပါ အရည်အချင်းပျက်ယွင်းသည့် အမှုဆောင်အဖွဲ့ဝင်အစား အရည်အချင်းကိုက်ညီသည့် အမှုဆောင်အဖွဲ့ဝင်အသစ်ကို ထည့်သွင်းဖွဲ့စည်းနိုင်ရေးအတွက် ယင်းသို့ ပေါ်ပေါက်သည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ပုံစံ (၁၄) ဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၄၇။ အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည် အခြေစိုက်နိုင်ငံပြောင်းလဲလိုလျှင် ပုံစံ (၂) ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၁၇ နှင့်အညီ လျှောက်ထားရမည်။

## အခန်း (၆)

## အသင်းအဖွဲ့ပိုင် ငွေကြေးနှင့်ပစ္စည်းများ လက်ခံထိန်းသိမ်းသုံးစွဲခြင်း

၄၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အလှူရှင်များ၏ လှူဒါန်းမှုများကို လက်ခံရာတွင် အောက်ပါတို့ကို စနစ်တကျမှတ်တမ်းပြုစုထားရှိရမည်-

(က) အလှူရှင်များက လှူဒါန်းသည့် ငွေပမာဏ၊ ပစ္စည်း၊ နည်းပညာ၊ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစား၊ အရေအတွက်နှင့်တန်ဖိုး၊ ယင်းတို့ကိုလှူဒါန်းသည့်နည်းလမ်း၊

( ခ ) လှူဒါန်းသူ သို့မဟုတ် အဖွဲ့အစည်း၏ အချက်အလက်များ၊

( ဂ ) ငွေသား သို့မဟုတ် ဘဏ်စာရင်းဖြင့် လှူဒါန်းလျှင် မှတ်ပုံတင်လက်မှတ်ပါ အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းဖြင့် လက်ခံထားမှုမှတ်တမ်း သို့မဟုတ် နည်းပညာ၊ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုပုံစံဖြင့် လှူဒါန်းလျှင် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် လွှဲပြောင်းလက်ခံရရှိမှုမှတ်တမ်း။

၄၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အလှူရှင်များ၏ လှူဒါန်းမှုများကို ထိန်းသိမ်းသုံးစွဲရာတွင် အောက်ပါအတိုင်း စနစ်တကျ မှတ်တမ်းပြုစုထားရှိရမည်-

(က) အသင်းအဖွဲ့၏ ရငွေ၊ သုံးငွေနှင့် ကြွေးမြီများကို ပြုစုထားသည့် စာရင်းရှင်းတမ်း၊

( ခ ) အသင်းအဖွဲ့ပိုင်ပစ္စည်း၊ နည်းပညာ၊ လုပ်အား သို့မဟုတ် ဝန်ဆောင်မှုကို ဆောင်ရွက်ထားရှိမှုမှတ်တမ်း၊

( ဂ ) မှတ်ပုံတင်လက်မှတ်ပါ အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်း၊ ကတိခံဝန်ချုပ်လက်မှတ်၊ လူမှုစတော့ရှယ်ယာ သို့မဟုတ် ငွေချေးစာချုပ်၊

(ဃ) အသင်းအဖွဲ့နှင့် ရုံးခွဲများဖွင့်လှစ်မည့် နေရာ၏ ပိုင်ဆိုင်မှု၊ ငှားရမ်းမှု သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် သုံးစွဲခွင့်ရရှိမှု အထောက်အထား၊

( င ) နှစ်ဖက်သွင်းစာရင်းရေးသွင်းနည်းဖြင့် ရေးဆွဲ၍ စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုထားသော အောက်ဖော်ပြပါစာရင်းများ-

(၁) ငွေစာရင်းရှင်းတမ်း ပုံစံ (၁၅)၊

(၂) ငွေစာရင်းစာအုပ် ပုံစံ (၁၅-က)၊

(၃) အထွေထွေလယ်ဂျာ ပုံစံ (၁၅- ခ)၊

(၄) စာရင်းညှိဂျာနယ် ပုံစံ (၁၅- ဂ)၊

(၅) ရငွေပေးငွေစာရင်း ပုံစံ (၁၅- ဃ)၊

(၆) ဝင်ငွေနှင့်အသုံးစရိတ်စာရင်း ပုံစံ (၁၅- င)၊

(၇) အစမ်းရှင်းတမ်း ပုံစံ (၁၅- စ)၊

(၈) ပုံသေပိုင်ပစ္စည်းစာရင်း ပုံစံ (၁၅- ဆ)၊

(၉) လက်ကျန်ရှင်းတမ်း ပုံစံ (၁၅- ဇ)၊

## **အခန်း (၇)**

## **ငွေစာရင်းရှင်းတမ်း၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြခြင်းနှင့်စိစစ်ခြင်း**

၅၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည်-

(က) ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာတို့ကို ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(ဆ) နှင့်အညီ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြရမည်။ ထိုသို့တင်ပြရာတွင် အစီရင်ခံရသည့်ကာလအတွင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခြင်းမရှိပါကလည်း ယင်းသို့ဆောင်ရွက်နိုင်မှုမရှိသည့် ကာလနှင့်အကြောင်းအရင်းကို ထည့်သွင်းဖော်ပြရမည်။

( ခ ) နည်းဥပဒေခွဲ(က) အရ တင်ပြသည့် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ မိတ္တူတို့ကို ထောက်ခံချက်ပေးထားသည့် အစိုးရဌာနအဖွဲ့အစည်းထံ တင်ပြရမည်။

၅၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သည့်ဒေသရှိ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနထံ အောက်ဖော်ပြပါအချက်များပါဝင်သော လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် တင်ပြရမည်-

(က) မှတ်ပုံတင်ခွင့်ပြုထားသည့် အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို အစီရင်ခံတင်ပြသည့်ကာလအတွင်း အမှန်တကယ် ဆောင်ရွက်နိုင်မှုအခြေအနေ၊

(ခ) လုပ်ငန်းဆောင်ရွက်နိုင်ရန် ငွေကြေးနှင့်ပစ္စည်းသုံးစွဲမှုအခြေအနေ၊

(ဂ) ငွေကြေးနှင့်ပစ္စည်းများကို လက်ခံသုံးစွဲရာတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ၊

(ဃ) လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားများ၊

(င) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆောင်ရွက်နိုင်မှုမရှိပါက မရှိသည့် အကြောင်းအရင်း၊

(စ) အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊

(ဆ) အသွားအလာကန့်သတ်ထားသည့် နယ်မြေများတွင် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများ၊

(ဇ) လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း၏ ပူးပေါင်းဆောင်ရွက်ပေးမှုအခြေအနေ၊

(ဈ) သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှု၊

(ည) လာမည့်သုံးလပတ်တွင် ဆောင်ရွက်မည့်လျာထားလုပ်ငန်းအစီအစဉ်၊

(ဋ) သီးခြားတင်ပြလိုသည့် အချက်များ။

၅၂။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၅၀ အရ တင်ပြသည့် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာတို့ကို အောက်ပါအတိုင်း စိစစ်ရမည်-

(က) သတ်မှတ်ထားသော အချိန်ကာလအတွင်း တင်ပြခြင်း ရှိ မရှိ၊

(ခ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်လက်မှတ်ရရှိထားသောအသင်းအဖွဲ့၏ ငွေစာရင်းရှင်းတမ်းကို မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)က စစ်ဆေးထားခြင်းရှိ မရှိ၊

( ဂ ) လုပ်ငန်းဆောင်ရွက်ချက်များသည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ခွင့်ပြုထားသည့် အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ နယ်မြေဒေသတို့နှင့်ကိုက်ညီမှု ရှိ မရှိ၊

(ဃ) ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာမိတ္တူတို့ကို ထောက်ခံချက်ပေးထားသည့် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းသို့ တင်ပြခြင်း ရှိ မရှိ၊

( င ) အသင်းအဖွဲ့ပိုင်ပစ္စည်းကို လက်ခံထိန်းသိမ်းသုံးစွဲခြင်းသည် သင့်လျော် မှန်ကန်မှု ရှိ မရှိ၊

( စ ) ငွေကြေးနှင့်ပစ္စည်းများကို လက်ခံသုံးစွဲရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ၊

(ဆ) တင်ပြသည့် အချက်အလက်များ မှန်ကန်မှု ရှိ မရှိ၊

( ဇ ) ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာတို့ပါ အချက်အလက်များကို ပြည့်စုံစွာ ဆောင်ရွက်ထား ခြင်း ရှိ မရှိ။

၅၃။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၅၀ အရ တင်ပြသည့် ငွေစာရင်းရှင်းတမ်းနှင့် နှစ်ပတ်လည်အစီရင်ခံစာတို့ကို စိစစ်ရာတွင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသည့် အသင်းအဖွဲ့၏ အချက်အလက်များနှင့် ပြင်ဆင်ပြောင်းလဲသည့် အချက်အလက်များကို လအလိုက် စိစစ်ရာတွင်ဖြစ်စေ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဖြစ်ပွားနိုင်ခြေရှိသည့် အသင်းအဖွဲ့ကို တွေ့ရှိပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့်အညီ ပြုစု၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ပေးပို့ရမည်။

၅၄။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည်-

(က) နည်းဥပဒေ ၅၁ ပါ တင်ပြချက်အရဖြစ်စေ၊ ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးချက်အရဖြစ်စေ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့တစ်ခုခုက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ ဆောလျင်စွာတင်ပြရမည်။

( ခ ) နည်းဥပဒေခွဲ(က)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့တစ်ခုခု၏ ဆောင်ရွက်ချက်သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့် ဆက်နွယ်ပတ်သက်သည်ဟု သံသယဖြစ်ဖွယ် တွေ့ရှိရပါက ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အကြောင်းကြားရမည်။ ယင်းသို့ အကြောင်းကြားသည့်စာမိတ္တူကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ပေးပို့ရမည်။

၅၅။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့ကို ထောက်ခံချက်ပေးထားသည့် အစိုးရဌာနအဖွဲ့အစည်းသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ထောက်ပံ့မှုမရှိစေရေး စောင့်ကြည့်ကြပ်မတ်၍ ဖြစ်ပွားနိုင်ခြေရှိသည့် အသင်းအဖွဲ့ကို တွေ့ရှိပါက ယင်းသို့တွေ့ရှိရသည့် အချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ပေးပို့၍ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ထံ မိတ္တူပေးပို့ရမည်။

၅၆။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် နည်းဥပဒေ ၅၃၊ နည်းဥပဒေ ၅၄ နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေ ၅၅ တို့အရ ပေးပို့သည့် အချက်အလက်များကို စိစစ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ထောက်ပံ့သော ပြုလုပ်မှုများဖြစ်ပွားနိုင်ခြေရှိသည့် အသင်းအဖွဲ့များနှင့်ပတ်သက်သည့် တွေ့ရှိချက်များကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံသို့လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံသို့လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းထံသို့လည်းကောင်း လိပ်မူပေးပို့၍ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ထံသို့ မိတ္တူပေးပို့ရမည်။

၅၇။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် နည်းဥပဒေ ၅၆ နှင့်အညီ စိစစ်ချက်အရဖြစ်စေ၊ လိုအပ်ပါက ကိုယ်တိုင်စုံစမ်းစစ်ဆေးချက်အရဖြစ်စေ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ထောက်ပံ့ကြောင်း အထောက်အထားများတွေ့ရှိပါက သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်။

၅၈။ နည်းဥပဒေ ၅၆ အရ ပေးပို့သည့် တွေ့ရှိချက်များကို လက်ခံရရှိသော မှတ်ပုံတင်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းသည် ယင်းတို့ကို စိစစ်သုံးသပ်၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုများ ဖြစ်ပွားနိုင်ခြေရှိသည့် အသင်းအဖွဲ့များကို အသိပညာပေးခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၅၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့က တင်ပြသည့် နှစ်ပတ်လည်အစီရင်ခံစာပါ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ရန် သင့်လျော်သည့်နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၈)

## အသင်းအဖွဲ့များကို စစ်ဆေးခြင်း

၆၀။ မှတ်ပုံတင်ရေးအဖွဲ့နှင့် ယင်း၏တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ရသည့် အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၅၀ အရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့၏ တင်ပြချက်အရဖြစ်စေ၊ နည်းဥပဒေ ၅၄ နည်းဥပဒေခွဲ (က) အရ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တင်ပြချက်အရဖြစ်စေ၊ သက်ဆိုင်ရာမှတ်ပုံတင်ရေး

အဖွဲ့က စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟု ယူဆလျှင်ဖြစ်စေ အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးနိုင်သည်။

၆၁။ နည်းဥပဒေ ၆၀ အရ စုံစမ်းစစ်ဆေးရာတွင် အောက်ပါနည်းလမ်းများကို အသုံးပြုနိုင်သည်-

(က) အီလက်ထရောနစ်ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် စုံစမ်းစစ်ဆေးခြင်း၊

(ခ) စာဖြင့် ရှင်းလင်းတင်ပြစေခြင်း၊

(ဂ) အသင်းအဖွဲ့မှ တာဝန်ရှိသူများကို ခေါ်ယူစစ်ဆေးခြင်း၊

(ဃ) အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း။

၆၂။ နည်းဥပဒေ ၆၀ အရ စုံစမ်းစစ်ဆေးရာတွင် အောက်ပါအချက်များကို စစ်ဆေးရမည်-

(က) ရုံးခန်းတည်နေရာ၊ ပိုင်ဆိုင်မှု၊ ငှားရမ်းမှု သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် သုံးစွဲခွင့်ရရှိမှုအထောက်အထား၊ ရုံးခန်းနှင့် ရုံးခွဲဖွင့်လှစ်ထားရှိမှု အခြေအနေနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များ၊

(ခ) မှတ်ပုံတင်လက်မှတ်နှင့်သက်တမ်း၊

(ဂ) အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များ၊

(ဃ) အသင်းအဖွဲ့၏ အမည်နှင့်လုပ်ငန်းဆောင်ရွက်ချက်များသည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ခွင့်ပြုထားသည့် အမည်၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှု ရှိ မရှိ၊

(င) နည်းဥပဒေ ၄၈ နှင့်အညီ ပြုစုထားသော လှူဒါန်းခြင်းများကို လက်ခံမှုမှတ်တမ်း၊

(စ) နည်းဥပဒေ ၄၉ နှင့်အညီ ပြုစုထားသော လှူဒါန်းမှုများအား ထိန်းသိမ်းသုံးစွဲမှု မှတ်တမ်း၊

(ဆ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာထားသည့်ဒေသများသို့ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အသင်းအဖွဲ့သည် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း ရှိ မရှိ နှင့် ယင်းခွင့်ပြုချက်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ မရှိ၊

(ဇ) အသွားအလာကန့်သတ်ထားသည့် နယ်မြေများတွင် လုပ်ငန်းဆောင်ရွက်ပါက သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များ၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း ရှိ မရှိ၊

(ဈ) အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထောက်ပံ့ခံရသည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့အား ခွဲခြားမှုဖြစ်စေမည့် သို့မဟုတ် အန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ဥပဒေနှင့်မညီသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ခြင်း ရှိ မရှိ၊

(ည) ဥပဒေနှင့် ဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း ရှိ မရှိ၊

(ဋ) တည်ဆဲဥပဒေများကို လိုက်နာခြင်းရှိ မရှိ၊

(ဌ) အသင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးလတစ်ကြိမ် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခြင်း ရှိ မရှိ၊

(ဍ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က စစ်ဆေးရန် ညွှန်ကြားထားသည့်အချက်များ။

၆၃။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၆၀ အရ မိမိကိုယ်တိုင်စုံစမ်းစစ်ဆေးချက်အရဖြစ်စေ၊ အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် ဦးစီးဌာနက စုံစမ်းစစ်ဆေးတင်ပြချက်အရဖြစ်စေ စုံစမ်းစစ်ဆေးခြင်းခံရသည့် အသင်းအဖွဲ့သည် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိကြောင်း တွေ့ရှိပါက မှတ်တမ်းတင်ထားရှိရမည်။

၆၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ရသည့် အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၆၁ နှင့် ၆၂ တို့နှင့်အညီ စုံစမ်းစစ်ဆေးချက်များအရ စုံစမ်းစစ်ဆေးခြင်းခံရသည့် အသင်းအဖွဲ့က တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ တည်ဆဲဥပဒေများအရဖြစ်စေ အရေးယူနိုင်ရန် ခိုင်လုံသောအထောက်အထားများ၊ ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၆၅။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မိမိကိုယ်တိုင်စုံစမ်းစစ်ဆေးချက်အရဖြစ်စေ၊ နည်းဥပဒေ ၆၄ နှင့်အညီ တင်ပြချက်အရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူရန်ကိစ္စ ပေါ်ပေါက်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၆၆။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည်–

(က) မိမိကိုယ်တိုင် စုံစမ်းစစ်ဆေးချက်အရဖြစ်စေ၊ နည်းဥပဒေ ၆၄ နှင့်အညီ တင်ပြချက်အရဖြစ်စေ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသင့်သည့်ကိစ္စဖြစ်လျှင် ဥပဒေပုဒ်မ ၂၉ ပါစီမံခန့်ခွဲရေးနည်းလမ်းနှင့်အညီ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ပုံစံ (၁၇) ဖြင့် ချမှတ်ရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို ကျေနပ်မှုမရှိပါက အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တစ်ဆင့်မြင့် မှတ်ပုံတင်ရေးအဖွဲ့သို့ အယူခံဝင်နိုင်ကြောင်းဖော်ပြ၍ အမိန့်ချမှတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာအသင်းအဖွဲ့ထံ ပုံစံ (၁၇) မူရင်း ပေးပို့ခြင်းနှင့် ယင်းပုံစံ (၁၇) ၏ မိတ္တူကို တစ်ဆင့်မြင့်မှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

( ဂ ) နည်းဥပဒေခွဲ (က) အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ အမိန့်ဖြစ်ပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်သုံးသပ်ပေးရန် အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း လျှောက်ထားနိုင်ကြောင်းဖော်ပြ၍ သက်ဆိုင်ရာအသင်းအဖွဲ့သို့ အမိန့်ချမှတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ပုံစံ (၁၇) မူရင်းကို ပေးပို့ရမည်။

၆၇။ (က) သက်ဆိုင်ရာအသင်းအဖွဲ့ သို့မဟုတ် ယင်းအသင်းအဖွဲ့၏ တာဝန်ရှိသူသည် တစ်ဆင့်မြင့်မှတ်ပုံတင်ရေးအဖွဲ့သို့ အယူခံဝင်လိုလျှင်ဖြစ်စေ၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားလိုလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်၊ ယင်းအမိန့်နှင့်ဆက်စပ်သည့် အထောက်အထားများကို မိတ္တူကူးရန် ပုံစံ (၁၈) ဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ လျှောက်ထားနိုင်သည်။

( ခ ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားမှုကို စိစစ်ခွင့်ပြုရမည်။

၆၈။ (က) နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားမှုကို လက်ခံရရှိသောအသင်းအဖွဲ့သည် ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိပါက စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်မူရင်း၊ လိုအပ်သည့် အထောက်အထားများနှင့်အတူ အမိန့်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တစ်ဆင့်မြင့်မှတ်ပုံတင်ရေးအဖွဲ့သို့ အယူခံဝင်ရောက်နိုင်သည်။

( ခ ) နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (ဂ) အရ အကြောင်းကြားမှုကို လက်ခံရရှိသောအသင်းအဖွဲ့သည် ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိပါက စီမံခန့်ခွဲရေးဆိုင်ရာအမိန့်မူရင်း၊ လိုအပ်သည့် အထောက်အထားများနှင့်အတူ အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားနိုင်သည်။

( ဂ ) နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေခွဲ (ဂ) တို့အရ အကြောင်းကြားမှုကို သတ်မှတ် ကာလအတွင်း အယူခံဝင်ရောက်ခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းမရှိလျှင် မူလမှတ်ပုံတင်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်သည် အတည်ဖြစ်သည်။

၆၉။ (က) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၆၈ နည်းဥပဒေခွဲ (က) အရ အယူခံဝင်ရောက်မှုကို လက်ခံရရှိပါက စိစစ်သုံးသပ်၍ မူလအမိန့်အား အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်အမိန့်ကို ပုံစံ (၁၉) ဖြင့် ချမှတ်ရမည်။

( ခ ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၆၈ နည်းဥပဒေခွဲ (ခ) အရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားမှုကို လက်ခံရရှိပါက ပြန်လည်သုံးသပ်၍ မူလအမိန့်အား အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် အမိန့်ကို ပုံစံ (၁၉) ဖြင့် ချမှတ်ရမည်။

## အခန်း (၁၀)

## အသင်းအဖွဲ့ ဖျက်သိမ်းခြင်း

၇၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အသင်းအဖွဲ့ဖျက်သိမ်းလိုလျှင် ပုံစံ (၂၀) ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (ည) နှင့်အညီ လျှောက်ထားရမည်။

၇၁။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၇၀ အရ လျှောက်ထားမှုကို လက်ခံရရှိပါက ဥပဒေပုဒ်မ ၅၁ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပြီး အသင်းအဖွဲ့အား ဖျက်သိမ်းရန် ဆုံးဖြတ်နိုင်သည်။

၇၂။ ဖျက်သိမ်းခွင့်ရရှိသော အသင်းအဖွဲ့သည် အသင်းအဖွဲ့ပိုင်ပစ္စည်းများကို ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အခြားအသင်းအဖွဲ့သို့လည်းကောင်း၊ အစိုးရဌာနအဖွဲ့အစည်းသို့လည်းကောင်း လှူဒါန်းရမည်။

၇၃။ တရားရုံးသည် ဥပဒေပုဒ်မ ၄၃ အရ အသင်းအဖွဲ့အား ဖျက်သိမ်းကြောင်း အမိန့်ချမှတ်ပါက ယင်းအမိန့်စီရင်ချက်မိတ္တူကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ ပေးပို့ရမည်။

## အခန်း (၁၁)

## မှတ်ပုံတင်လက်မှတ်မိတ္တူလျှောက်ထားခြင်း

၇၄။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် မှတ်ပုံတင်လက်မှတ်မိတ္တူလျှောက်ထားလိုလျှင် အမှုဆောင်

အဖွဲ့ဝင်များ၏ သဘောတူဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ပုံစံ (၂၁)ကို ဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်ပြည့်စုံစွာဖြင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ လျှောက်ထားရမည်။

၇၅။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် နည်းဥပဒေ ၇၄ နှင့်အညီ လျှောက်ထားမှုကို စိစစ်ပြီး ခွင့်ပြု မပြု ဆုံးဖြတ်၍ ယင်းသို့ဆုံးဖြတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာအသင်းအဖွဲ့ထံ အကြောင်းကြားရမည်။

၇၆။ နည်းဥပဒေ ၇၅ အရ အကြောင်းကြားမှုကို လက်ခံရရှိသည့် အသင်းအဖွဲ့သည် ခွင့်ပြုကြောင်း ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းအသင်းအဖွဲ့၏ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်လက်မှတ်မိတ္တူကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံမှ ထုတ်ယူရမည်။

## အခန်း (၁၂)

## အထွေထွေ

၇၇။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အခြားဥပဒေတစ်ရပ်ရပ်အရ ထပ်မံမှတ်ပုံတင်ခွင့်မရှိစေရ။

၇၈။ အသင်းအဖွဲ့သည် မှတ်ပုံတင်လျှောက်ထားစဉ်က အသုံးပြုရန်တင်ပြခဲ့ခြင်းမရှိသည့် တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို အသုံးပြုလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သုံးစွဲရမည်။

၇၉။ မှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံထပ်တူဖြစ်ခြင်း၊ ဆင်တူယိုးမှားဖြစ်ခြင်းများ ပေါ်ပေါက်လျှင်-

(က) မှတ်ပုံတင်ရေးအဖွဲ့တစ်ရပ်ရပ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သည့် အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသားနှင့် ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့သည် သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ခွင့်ရယူထားခြင်းမရှိပါက မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်အား အခြေခံ၍ ဦးစွာမှတ်ပုံတင်လျှောက်ထားသော အသင်းအဖွဲ့ကို သုံးစွဲခွင့်ပြုရမည်။

(ခ) မှတ်ပုံတင်ရေးအဖွဲ့တစ်ရပ်ရပ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သည့် အသင်းအဖွဲ့ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်၏အမည်၊ တံဆိပ်၊ အမှတ်အသားနှင့် ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့သည် သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ခွင့်ရယူထားပါက မူပိုင်ခွင့်ရယူမှုအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

၈၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းတို့ကို တင်ပြရာတွင် မြန်မာဘာသာဖြင့် တင်ပြရမည်။

၈၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် အသင်းအဖွဲ့ပိုင်ငွေကြေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ငွေသွင်းငွေထုတ်ပြုလုပ်ထားသည့် ဘဏ်စာအုပ်မိတ္တူကို သုံးလလျှင် တစ်ကြိမ် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြရမည်။

၈၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် မှတ်ပုံတင်လျှောက်ထားစဉ်က ဖော်ပြခဲ့သော ဆက်သွယ်ရန် နည်းလမ်းများဖြစ်သည့် ဆက်သွယ်ရန် ပုဂ္ဂိုလ်၊ အီးမေးလ်၊ ရုံးဖုန်း၊ လက်ကိုင်ဖုန်း စသည်တို့ ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ဆောလျင်စွာ အသိပေးတင်ပြရမည်။

၈၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့သည်-

(က) မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က တင်ပြခဲ့သည့် နားလည်မှုစာချွန်လွှာ(မူကြမ်း) ကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းနှင့် လက်မှတ်ရေးထိုးပြီး ယင်းနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြရမည်။

( ခ ) မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် တင်ပြသည့် နားလည်မှုစာချွန်လွှာကို ပြင်ဆင်ချုပ်ဆိုခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်းများရှိပါက ယင်းသို့ ပြုလုပ်ပြီးသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြရမည်။

၈၄။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ယင်း၏ ရုံးနှင့် ရုံးခွဲများတွင် အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်မူရင်း သို့မဟုတ် အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်မိတ္တူကို အများပြည်သူမြင်သာသောနေရာတွင် ထားရှိရမည်။

၈၅။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းများကို နည်းဥပဒေ ၇၂ ပါကိစ္စရပ်နှင့် မူလခွင့်ပြုထားသည့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းမှအပ ကျန်ကိစ္စရပ်အတွက် သုံးစွဲခြင်း၊ နည်းလမ်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသုံးစွဲခြင်း မပြုရ။

၈၆။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်စေသည့် ပြုမူဆောင်ရွက်ချက်များကို မပြုလုပ်ရ။

၈၇။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းခံရသည့် အသင်းအဖွဲ့ပိုင်ပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲနိုင်ရန် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၈၈။ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများသည် မိမိထောက်ခံချက်ပေးထားသည့် အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားရမည်။

၈၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် အသင်းအဖွဲ့အား မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုကြောင်းဆုံးဖြတ်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသင်းအဖွဲ့ဆိုင်ရာ အချက်အလက်များပြင်ဆင်ပြောင်းလဲခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူသည့်အမိန့်ချမှတ်ခြင်းနှင့် အသင်းအဖွဲ့အားဖျက်သိမ်းခြင်းတို့ပြုရာတွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့ အကြောင်းကြားခြင်း၊ အများပြည်သူသိရှိစေရန် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်ပြန်ကြေညာခြင်းနှင့် လိုအပ်ပါကကျန်မှတ်ပုံတင်ရေးအဖွဲ့ထံ အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ရမည်။

၉၀။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရသည့် ဦးစီးဌာန ဝန်ထမ်းသည် အသင်းအဖွဲ့နှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားကို မသက်ဆိုင်သူထံ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အသိပေးခြင်း၊ ပေးအပ်ခြင်း ပြုပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၉၁။ အသင်းအဖွဲ့သည် နည်းဥပဒေ ၅၇ အရ အရေးယူခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ယင်းအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၉၂။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/ ၂၀၁၄) အရ ထုတ်ပေးထားသည့် ယာယီမှတ်ပုံတင်လက်မှတ်များသည် ပယ်ဖျက်ပြီးဖြစ်သည်။

၉၃။ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁/ ၂၀၁၄) အရ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ အသင်းအဖွဲ့အဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်လိုခြင်းမရှိလျှင် ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(ည) နှင့်အညီ အသင်းအဖွဲ့ဖျက်သိမ်းခွင့် တင်ပြရမည်။

၉၄။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၅-၆-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀၅/၂၀၁၅ ဖြင့် ထုတ်ပြန်ထားသည့် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ပထရ/ ၂-၁/ ၁-၁( ၈၃၈) / ၂၀၂၆
ရက် စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီယာယီသမ္မတရုံး
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအမှုဆောင်ချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနအားလုံး

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ခိုင်ထွန်းဦး

အမြဲတမ်းအတွင်းဝန်

## ပြည်တွင်းအသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် လျှောက်လွှာ
## (နည်းဥပဒေ ၄)

သို့

ဥက္ကဋ္ဌ

------------------မှတ်ပုံတင်ရေးအဖွဲ့

-----------------------------------------------------------------

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

| | | | |
|---|---|---|---|
| ၁။ | အသင်းအဖွဲ့အမည်(မြန်မာဘာသာဖြင့်) | - | ------------------------------------ |
| | (အင်္ဂလိပ်ဘာသာဖြင့် ရှိပါက) | - | ------------------------------------ |
| ၂။ | အသင်းအဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည် | - | ------------------------------------ |
| ၃။ | အသင်းအဖွဲ့၏တည်နေရာ၊ | - | ------------------------------------ |
| | ဆက်သွယ်ရန်လိပ်စာနှင့် ရုံးတာဝန်ခံအမည် | | ------------------------------------ |
| ၄။ | အသင်းအဖွဲ့စတင်တည်ထောင်သည့်နေ့ | - | ------------------------------------ |
| ၅။ | အသင်းအဖွဲ့၏ရည်ရွယ်ချက်၊လုပ်ငန်းစဉ်အပေါ် | - | ------------------------------------ |
| | ထောက်ခံသည့် အစိုးရဌာနအဖွဲ့အစည်း၏အမည် | | ------------------------------------ |
| ၆။ | အသင်းအဖွဲ့၏အမှုဆောင်အဖွဲ့ဝင်ဦးရေ | - | ------------------------------------ |
| ၇။ | အသင်းဝင်ဦးရေ | - | ------------------------------------ |
| ၈။ | ဝန်ထမ်းဦးရေ | - | ------------------------------------ |
| ၉။ | လျှောက်ထားသည့်ရက်စွဲ | - | ------------------------------------ |
| ၁၀။ | ဆက်သွယ်ရမည့် ဖုန်း၊ ဖက်စ်နံပါတ်၊ အီးမေးလ် | - | ------------------------------------ |

**ပူးတွဲဖော်ပြရန်-**

(က) ရုံးခွဲများ၏ ဆက်သွယ်ရန်လိပ်စာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

( ခ ) အသင်းအဖွဲ့၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်၊

( ဂ ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့်ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း၏ ထောက်ခံချက်၊

(ဃ) အသင်းအဖွဲ့၏အမှုဆောင်အဖွဲ့ဝင်စာရင်း ပုံစံ (၁-က)၊

( င ) အမှုဆောင်အဖွဲ့ဝင်၏ ကိုယ်ရေးမှတ်တမ်း ပုံစံ (၁-ခ)၊

( စ ) အသင်းအဖွဲ့ပိုင်ငွေကြေးနှင့် ပစ္စည်းစာရင်း ပုံစံ (၁-ဂ)၊

(ဆ) အသင်းအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်း ပုံစံ (၁-ဃ)၊

( ဇ ) အသင်းအဖွဲ့နှင့်ယင်း၏ရုံးခွဲများဖွင့်လှစ်မည့်နေရာ၏ ပိုင်ဆိုင်မှု၊ ငှားရမ်းမှု၊ သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် အထောက်အထားနှင့် ရုံးခန်းဖွင့်လှစ်ထားမှု မှတ်တမ်းဓါတ်ပုံ၊

( ဈ ) တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာမည်ဖြစ်ကြောင်းဝန်ခံကတိပြုချက် ပုံစံ (၁-င)၊

( ည) အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သုံးစွဲရာတွင် ဥပဒေပုဒ်မ ၂၈ (ခ)ကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက် ပုံစံ (၁-စ)၊

**ပုံစံ(၁)(နောက်ဆက်တွဲ)**

( ၎ ) ဆောင်ရွက်ခဲ့သည့် လူမှုရေးလုပ်ငန်းများ၊

( ၅ ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မည့်အသင်းအဖွဲ့များ ပုံစံ (၁-ဆ)

( ၃ ) ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အသင်းဝင် တစ်ဦးဦးအား လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာ။

အထက်ဖော်ပြပါအချက်များမှန်ကန်ပါသည်။

လျှောက်ထားသူ

| | |
|---|---|
| လက်မှတ် | - ------------------------------------ |
| အမည် | - ------------------------------------ |
| အသင်း၏တာဝန် | - ------------------------------------ |
| နိုင်ငံသားစိစစ်ရေး | - ------------------------------------ |
| ကတ်ပြားအမှတ် | |
| နေရပ်လိပ်စာ | - ------------------------------------ |

ပုံစံ (၁-က)

**---------------အသင်းအဖွဲ့၏အမှုဆောင်အဖွဲ့ဝင်စာရင်း**

**အသင်းအဖွဲ့အမည်၊** ----------------------------------------------------------------

**အသင်းအဖွဲ့တည်နေရာ၊** ----------------------------------------------------------------

**လျှောက်ထားသည့်ရက်စွဲ၊** ----------------------------------------------------------------

| စဉ် | အမှုဆောင်အမည်နှင့် တာဝန် | ဖခင်နှင့် မိခင် အမည် | လက်ရှိအလုပ်အကိုင်နှင့် အမှန်တကယ် နေရပ်လိပ်စာ (တိကျစွာဖော်ပြရန်) | ယခင်အလုပ်အကိုင် နှင့်အမြဲတမ်းနေရပ် လိပ်စာ (တိကျစွာဖော်ပြရန်) | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ် အမှတ် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

အထက်ဖော်ပြပါအချက်များ မှန်ကန်ပါသည်။

လျှောက်ထားသူ

လက်မှတ် ----------------------------------

အမည် ----------------------------------

အသင်း၏တာဝန် ----------------------------------

နိုင်ငံသားစိစစ်ရေး ----------------------------------

ကတ်ပြားအမှတ် ----------------------------------

နေရပ်လိပ်စာ ----------------------------------

**---------------------------- အသင်းအဖွဲ့ အမှုဆောင်အဖွဲ့ဝင်၏ကိုယ်ရေးမှတ်တမ်း**

ဓါတ်ပုံ
(ဖလအတွင်းရိုက်ကူးထား
သောကာလာဓာတ်ပုံ)

၁.၂"

၁.၁"

| | | |
|---|---|---|
| ၁။ | အမည် | ---------------------------------------- |
| ၂။ | အသင်း၏တာဝန် | ---------------------------------------- |
| ၃။ | ဖခင်အမည် | ---------------------------------------- |
| ၄။ | မိခင်အမည် | |
| ၅။ | မွေးသက္ကရာဇ် | ---------------------------------------- |
| ၆။ | ပညာအရည်အချင်း | ---------------------------------------- |
| ၇။ | လူမျိုး၊ ဘာသာ | ---------------------------------------- |
| ၈။ | နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ်အမှတ် | ---------------------------------------- |
| ၉။ | လက်ရှိအလုပ်အကိုင် | ---------------------------------------- |
| ၁၀။ | ယခင်လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင် | ---------------------------------------- |
| ၁၁။ | ခင်ပွန်း သို့မဟုတ် ဇနီးအမည် | ---------------------------------------- |
| ၁၂။ | နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ | ---------------------------------------- |
| ၁၃။ | အမြဲတမ်းနေရပ်လိပ်စာ | ---------------------------------------- |

**ပူးတွဲဖော်ပြရန်-**

(က) မြန်မာနိုင်ငံသား အမှုဆောင်အဖွဲ့ဝင်ဖြစ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ သို့မဟုတ် နိုင်ငံခြားသား အမှုဆောင်အဖွဲ့ဝင်ဖြစ်ပါက နိုင်ငံကူးလက်မှတ်မိတ္တူနှင့် နေထိုင်ခွင့်လက်မှတ်၊

(ခ) နည်းဥပဒေ ၆ ပါ အမှုဆောင်အဖွဲ့ဝင်၏ အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်း ဝန်ခံကတိပြုချက်။

အထက်ဖော်ပြပါအချက်များ မှန်ကန်ပါသည်။

လျှောက်ထားသူ

| | |
|---|---|
| လက်မှတ် | ---------------------------------- |
| အမည် | ---------------------------------- |
| အသင်း၏တာဝန် | ---------------------------------- |
| နေရပ်လိပ်စာ | ---------------------------------- |

ပုံစံ(၁-ဂ)

**--------------- အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း**

| စဉ် | လှူဒါန်းသည့်ရက်စွဲ | လှူဒါန်းသူ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အမည်နှင့်အချက်အလက်များ | လှူဒါန်းသူ၏ နေရပ်လိပ်စာ | လှူဒါန်းငွေပမာဏ | လှူဒါန်းသည့်ပုံစံ ဘဏ်မှတစ်ဆင့် သို့မဟုတ် ငွေသားဖြင့် | လှူဒါန်းသည့်ပစ္စည်းအမျိုးအစား | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

အထက်ဖော်ပြပါအချက်များ မှန်ကန်ပါသည်။

လျှောက်ထားသူ

လက်မှတ် ---------------------------------

အမည် ---------------------------------

အသင်း၏တာဝန် ---------------------------------

နိုင်ငံသားစိစစ်ရေး ---------------------------------

ကတ်ပြားအမှတ်

နေရပ်လိပ်စာ ---------------------------------

# အသင်းအဖွဲ့ဖွဲ့စည်းပုံစည်းမျဉ်း

၁။ အသင်းအဖွဲ့အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၂။ အသင်းအဖွဲ့တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ

၃။ အသင်းအဖွဲ့တံဆိပ်၊ အမှတ်အသားနှင့် ဝတ်စုံ၏ ဒီဇိုင်းပုံစံ (ရှိလျှင်)

၄။ အသင်းအဖွဲ့၏ ရည်ရွယ်ချက်

၅။ အသင်းအဖွဲ့၏ လုပ်ငန်းစဉ်

၆။ အသင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်နှင့် ဆောင်ရွက်မှုစနစ်

(က) အခြားအသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်မှုပုံစံ

( ခ ) လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဝန်ထမ်းများခန့်ထားခြင်း

( ဂ ) အသင်း၏ အမှုဆောင်အဖွဲ့ဝင်များအကြား ငွေကြေးအငြင်းပွားမှု မဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ-

(၁) အသင်း၏အမှုဆောင်အဖွဲ့ဝင်များအကြား ငွေကြေးအငြင်းပွားမှု မဖြစ်ပေါ်စေရန် ရရှိလာသော အလှူငွေများကို စီမံခန့်ခွဲသုံးစွဲရာတွင် အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ ၏ သဘောတူညီချက်များဖြင့် ဆောင်ရွက်သွားမည်။

(၂) အလှူငွေများသုံးစွဲခြင်းကို အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းတို့ကို သုံးလတစ်ကြိမ် တင်ပြဆောင်ရွက်သွားမည်။

(၃) ငွေကြေးအငြင်းပွားဖွယ်တစ်စုံတစ်ရာ တိုင်ကြားမှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည်။

(၄) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်၍ မရပါက တည်ဆဲဥပဒေ များဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်။

၇။ အသင်းအဖွဲ့၏ ဖွဲ့စည်းပုံ

(က) အမှုဆောင်အဖွဲ့၏ဖွဲ့စည်းပုံ

(၁) နာယက(ရှိလျှင်)

(၂) ဥက္ကဋ္ဌ

(၃) ဒုတိယ ဥက္ကဋ္ဌ(ရှိလျှင်)

(၄) အဖွဲ့ဝင်များ

(၅) ဘဏ္ဍာရေးမှူး

(၆) စာရင်းကိုင်

(၇) အတွင်းရေးမှူး

(၈) တွဲဖက်အတွင်းအရေးမှူး(ရှိလျှင်)

(၉) ------------------------

( ခ ) အမှုဆောင်အဖွဲ့၏လုပ်ငန်းတာဝန်များ

(၁) ဥက္ကဋ္ဌ

(၂) အတွင်းရေးမှူး

(၃) ဘဏ္ဍာရေးမှူး

(၄) စာရင်းကိုင်

(၅) --------------

( ဂ ) လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း

(၁) ------------------------------------------ကော်မတီ

(၂) ------------------------------------------ကော်မတီ

(၃) ------------------------------------------ကော်မတီ

၈။ အစည်းအဝေးကျင်းပခြင်းနှင့်တာဝန်များ

(က) အစည်းအဝေးကျင်းပခြင်း

(၁) ကျင်းပမည့်နည်းလမ်း

(၂) ကျင်းပမည့်အကြိမ်အရေအတွက်

(၃) ဆုံးဖြတ်မည့်နည်းလမ်း(မဲများရာ/အားလုံးသဘောတူ)

( ခ ) အစည်းအဝေး၏တာဝန်များ

( ဂ ) အသင်းဝင်အဖြစ်ရွေးချယ်ရပ်စဲနိုင်သည့်နည်းလမ်းများ

(၁) အဖွဲ့ဝင်ဖြစ်ခြင်း

(၂) ထုတ်ပယ်ခြင်း

(ဃ) အခြားထည့်သွင်းသင့်သည့် အသင်းအဖွဲ့၏စည်းကမ်းများ

၉။ ဘဏ္ဍာရေးစည်းမျဉ်း

(က) လှူဒါန်းမှုများအားလက်ခံခြင်း

( ခ ) အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းများအား ထိန်းသိမ်းခြင်း

( ဂ ) အသင်းအဖွဲ့ပိုင်ပစ္စည်းများအား သုံးစွဲခြင်း

၁၀။ အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း ပုံစံ (၁-ဂ)

**မှတ်ချက်။ အထောက်အထားများအား ဓာတ်ပုံဖြင့်ပူးတွဲဖော်ပြရန်။**

၁၁။ အသင်းအဖွဲ့အား ဖျက်သိမ်းနိုင်သည့်အခြေအနေနှင့် နည်းလမ်းများ

(က) အသင်းအဖွဲ့ ဖျက်သိမ်းနိုင်သည့်အခြေအနေ

(၁) အမှုဆောင်အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အစုအဖွဲ့က လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမရှိဘဲ အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်မှုမရှိခြင်း၊

(၂) အသင်း၏လုပ်ငန်းစဉ်များဆောင်ရွက်ရန် ရန်ပုံငွေမရှိခြင်း၊

(၃) သတ်မှတ်ထားသည့် အမှုဆောင်အရေအတွက် မရှိခြင်း၊

(၄) မမျှော်မှန်းနိုင်သောအခြေအနေဖြစ်ပေါ်လာခြင်း။

(ခ) အသင်းအဖွဲ့ဖျက်သိမ်းနိုင်သည့်နည်းလမ်းများ

(၁) အသင်းအဖွဲ့ရှိ အမှုဆောင်အဖွဲ့၏ ဆန္ဒအလျောက် ဖျက်သိမ်းလိုခြင်း၊

(၂) အသင်းအဖွဲ့ရှိ အမှုဆောင်အဖွဲ့ဝင်အရေအတွက်၏ ထက်ဝက်ကျော်မှ ဖျက်သိမ်းရန် တောင်းဆိုခြင်း၊

(၃) အသင်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုမရှိ၍ ယင်းအသင်းအဖွဲ့အား ဖျက်သိမ်းရန် တရားရုံးမှ အမိန့်ဒီကရီချမှတ်ခံရခြင်း၊

( ဂ ) ဖျက်သိမ်းခွင့်ရရှိသော အသင်းအဖွဲ့သည် အသင်းအဖွဲ့ပိုင်ပစ္စည်းများကို ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အခြားအသင်းအဖွဲ့သို့လည်းကောင်း၊ အစိုးရဌာနအဖွဲ့အစည်း သို့လည်းကောင်း လှူဒါန်းရမည်။

XXXXXXXXXXXXXXXXXXXXXX

လက်မှတ်ရေးထိုးရန်

**မှတ်ချက်။** အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရမည်။

**ပုံစံ (၁-င)**

## တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များကိုလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်

ရက်စွဲ၊-------------------

-----------------အသင်းအဖွဲ့သည် အသင်းအဖွဲ့အဖြစ် တရားဝင်ရပ်တည်လှုပ်ရှားဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

**XXXXXXXXXXXXXXXXXXXXXX**

လက်မှတ်ရေးထိုးရန်

**မှတ်ချက်။** အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရမည်။

# အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့နှင့်စပ်လျဉ်း၍ ဝန်ခံကတိပြုချက်

ရက်စွဲ၊------------------

-----------------အသင်းအဖွဲ့သည် အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သုံးစွဲရာတွင် ဥပဒေပုဒ်မ ၂၈ (ခ)ကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

**xxxxxxxxxxxxxxxxxxxxxx**

လက်မှတ်ရေးထိုးရန်

**မှတ်ချက်။** အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရမည်။

ပုံစံ (၁-ဆ)

## အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မည့်အသင်းအဖွဲ့များ

| စဉ် | အသင်းအဖွဲ့အမည် | မှတ်ပုံတင်လက်မှတ်သက်တမ်း | စတင်ပူးပေါင်းဆောင်ရွက်သည့်နေ့စွဲ | ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |

**အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် လျှောက်လွှာ**
**(နည်းဥပဒေ ၁၉)**

သို့

ဥက္ကဋ္ဌ
ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

| | | |
|---|---|---|
| ၁။ | အသင်းအဖွဲ့အမည် | ---------------------------------------- |
| ၂။ | အသင်းအဖွဲ့အခြေစိုက်နိုင်ငံရှိ အသင်းအဖွဲ့၏ | ---------------------------------------- |
| | အကြီးအကဲအမည် | ---------------------------------------- |
| ၃။ | နိုင်ငံတော်အတွင်းရှိ အသင်းအဖွဲ့၏ တာဝန်ခံအမည် | ---------------------------------------- |
| ၄။ | အသင်းအဖွဲ့အခြေစိုက်နိုင်ငံ | ---------------------------------------- |
| ၅။ | အသင်းအဖွဲ့၏အမှုဆောင်အဖွဲ့ဝင်ဦးရေ | ---------------------------------------- |
| | (မြန်မာနိုင်ငံသား၊ နိုင်ငံခြားသားဦးရေ) | ---------------------------------------- |
| ၆။ | အသင်းဝင်ဦးရေ | ---------------------------------------- |
| ၇။ | ဝန်ထမ်းဦးရေ | ---------------------------------------- |
| ၈။ | အသင်းအဖွဲ့အခြေစိုက်သည့်နိုင်ငံရှိ ရုံး၏ | |
| | တည်နေရာနှင့် ဆက်သွယ်ရန်လိပ်စာ | ---------------------------------------- |
| ၉။ | မြန်မာနိုင်ငံရှိ အသင်းအဖွဲ့ရုံးခွဲ၏ ဆက်သွယ်ရန်လိပ်စာ | ---------------------------------------- |
| ၁၀။ | အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို | |
| | ထောက်ခံချက်ပေးထားသည့် အစိုးရဌာနအဖွဲ့အစည်း | |
| | အမည် | ---------------------------------------- |
| ၁၁။ | လျှောက်ထားသည့်ရက်စွဲ | ---------------------------------------- |
| ၁၂။ | ဆက်သွယ်ရမည့် ဖုန်း၊ ဖက်စ်နံပါတ်၊ အီးမေးလ် | ---------------------------------------- |

**ပူးတွဲဖော်ပြရန်-**

(က) အသင်းအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း၊

( ခ ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံတွင် အသိအမှတ်ပြုသည့် အထောက်အထားနှင့် အသင်းအဖွဲ့၏ တာဝန်ခံအဖြစ် အခြေစိုက်နိုင်ငံရှိအသင်းအဖွဲ့က အသိအမှတ်ပြုသည့် အထောက်အထား၊

( ဂ ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်၊

(ဃ) အသင်းအဖွဲ့အခြေစိုက်နိုင်ငံရှိ အသင်းအဖွဲ့စည်းမျဉ်း၊

( င ) နားလည်မှုစာချွန်လွှာ(မူကြမ်း)၊

( စ ) ရုံးခွဲအသီးသီး၏တာဝန်ခံအမည်၊ ရုံးခွဲအရေအတွက်နှင့်ဆက်သွယ်ရန်လိပ်စာ၊

(ဆ) မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် လူမှုရေးလုပ်ငန်းများ၊

( ဇ ) အသင်းအဖွဲ့နှင့်ယင်း၏ရုံးခွဲများဖွင့်လှစ်မည့်နေရာ၏ ပိုင်ဆိုင်မှု၊ ငှားရမ်းမှု၊ သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် အထောက်အထားနှင့် ရုံးခန်းဖွင့်လှစ်ထားမှု မှတ်တမ်းဓါတ်ပုံ၊

(ဈ ) ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ဆက်စပ်သည့် အစိုးရဌာနအဖွဲ့အစည်း၏ထောက်ခံချက်၊

(ည) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ထောက်ခံချက်၊

( ဋ ) နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သဘောထားတောင်းခံထားသည့်စာ၊

( ဌ ) လုပ်ငန်းဆောင်ရွက်မည့်နယ်မြေရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်၊

( ဍ ) အသင်းအဖွဲ့၏အမှုဆောင်အဖွဲ့ဝင်စာရင်း ပုံစံ (၁-က)၊

( ဎ ) အမှုဆောင်အဖွဲ့ဝင်၏ ကိုယ်ရေးမှတ်တမ်း ပုံစံ (၁-ခ)၊

(ဏ) အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း ပုံစံ (၁-ဂ)၊

(တ) အသင်းအဖွဲ့အား ဖျက်သိမ်းပါက အသင်းအဖွဲ့ပိုင်ပစ္စည်းများကို စီမံခန့်ခွဲမည့်နည်းလမ်း၊

(ထ) တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက် ပုံစံ (၁-င)၊

( ဒ ) အသင်းအဖွဲ့၏အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံ၏ဒီဇိုင်းပုံစံတို့ကို သုံးစွဲရာတွင် ဥပဒေပုဒ်မ ၂၈ (ခ)ကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက် ပုံစံ (၁-စ)၊

( ဓ ) အသင်းအဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မည့်အသင်းအဖွဲ့များ ပုံစံ (၁-ဆ)

( န ) ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အသင်းဝင် တစ်ဦးဦးအား လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာ။

အထက်ဖော်ပြပါအချက်များ မှန်ကန်ပါသည်။

လျှောက်ထားသူ

| | |
|---|---|
| လက်မှတ် | --------------------------------- |
| အမည် | --------------------------------- |
| အသင်း၏တာဝန် | --------------------------------- |
| နိုင်ငံသားစိစစ်ရေး | --------------------------------- |
| ကတ်ပြားအမှတ် | |
| နေရပ်လိပ်စာ | --------------------------------- |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**--------------မှတ်ပုံတင်ရေးအဖွဲ့**

# ပြည်တွင်းအသင်းအဖွဲ့ ယာယီမှတ်ပုံတင်လက်မှတ်

**(နည်းဥပဒေ ၅)**

------------ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊------------ခရိုင်၊ ---------- -မြို့နယ်၊ ------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊-----------လမ်း၊ အမှတ်------ ------တွင် ဖွင့်လှစ်ထားရှိသော------------အသင်းအဖွဲ့အား ဥပဒေပုဒ်မ ၈ (က)အရ အမှတ်၊ **ပြည်တွင်း / -------- (၂၀၂၂)** ဖြင့် ထုတ်ပေးလိုက်သည်။

ဤလက်မှတ်အား အတည်ပြုထုတ်ပေးမည့် မှတ်ပုံတင်လက်မှတ် မထုတ်ပေးမီ လှုပ်ရှား ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ခွင့်ပြုထားခြင်းဖြစ်ပြီး သတ်မှတ်ချက်များနှင့်ညီညွတ်ပါက အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈(ဃ)အရ ထုတ်ပေးမည့် **မှတ်ပုံတင်လက်မှတ်**နှင့် လဲလှယ်ထုတ်ယူရမည်။

အသင်းအဖွဲ့သည် ဤယာယီမှတ်ပုံတင်လက်မှတ် ကျောဘက်တွင် ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

ဥက္ကဋ္ဌ (                )

----------၊အတွင်းရေးမှူး

ရက်စွဲ၊ ၂၀   ခုနှစ်၊           လ          ရက်

## စည်းကမ်းချက်များ

၁။ ယာယီမှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ပုံစံ (၁) ပါ အသင်းအဖွဲ့၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခွင့်ရှိသည်။

၂။ ယာယီမှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ပြောင်းလဲခြင်းနှင့် လွှဲပြောင်းခြင်းမပြုရ။

၃။ ယာယီမှတ်ပုံတင်လက်မှတ်ကို အများပြည်သူမြင်သာသောနေရာတွင် ထားရှိရမည်။

၄။ တာဝန်ရှိသူများက အသင်းအဖွဲ့သို့ လာရောက်စစ်ဆေးသည့်အခါ ပူးပေါင်းဆောင်ရွက်ရမည်။

၅။ အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခွဲခြားမှုမဖြစ်စေရန်နှင့် အန္တရာယ်မဖြစ်စေရန် စီမံဆောင်ရွက်ရမည်။

၆။ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းနှင့် အသွားအလာကန့်သတ်ထားသည့် နယ်မြေများတွင် အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်လိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူ၍ ပူးပေါင်းဆောင်ရွက်ရမည်။

၇။ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်ခြင်း၊ အကျိုးအမြတ်ရယူပြီးဆောင်ရွက်ခြင်း၊ အစိုးရဌာနများ၏ လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် စည်းရုံးဆွဲဆောင်ခြင်း မပြုရ။

၈။ အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းကို ဥပဒေနှင့်မညီညွတ်သောကိစ္စများအတွက် အသုံးပြုခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအတွက် အားပေးကူညီခြင်း၊ ထောက်ပံ့ခြင်းမပြုရ။

၉။ တည်ဆဲဥပဒေနှင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၀။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသည့် ဆောင်ရွက်မှုများ မပြုရ။

၁၁။ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလတစ်ကြိမ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ မပျက်မကွက် တင်ပြရမည်။

၁၂။ နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ရေးအဖွဲ့သို့ မပျက်မကွက် တင်ပြရမည်။

၁၃။ အသင်းအဖွဲ့၏အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံဒီဇိုင်းပုံစံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ အမှုဆောင်ပြောင်း၊ လိပ်စာပြောင်း၊ ရုံးခွဲဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်းများနှင့် လက်မှတ်ပျက်စီး၊ ပျောက်ဆုံးခြင်းများရှိပါက မှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူရမည်။

၁၄။ မှတ်ပုံတင်လက်မှတ်လာရောက်ထုတ်ယူလျှင် ယာယီမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံရမည်။

၁၅။ မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူသည့်အခါ အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာအုပ်မိတ္တူကို တင်ပြရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့**

# အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ ယာယီမှတ်ပုံတင်လက်မှတ်

**(နည်းဥပဒေ ၂၀)**

------------ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊------------ခရိုင်၊ ----------- မြို့နယ်၊ ------------ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊------------လမ်း၊အမှတ်------ ------တွင် ဖွင့်လှစ်ထားရှိသော------------အသင်းအဖွဲ့အား ယာယီမှတ်ပုံတင်လက်မှတ်ကို ဥပဒေပုဒ်မ ၁၈(က) အရ အမှတ်၊ **နိုင်ငံတကာ / -------- (၂၀၂၂)** ဖြင့် ထုတ်ပေးလိုက်သည်။

ဤလက်မှတ်အား အတည်ပြုထုတ်ပေးမည့် မှတ်ပုံတင်လက်မှတ် မထုတ်ပေးမီ လှုပ်ရှားဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈(က)အရ ခွင့်ပြုထားခြင်းဖြစ်ပြီး အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈(ဃ)အရ ထုတ်ပေးမည့် **မှတ်ပုံတင်လက်မှတ်**နှင့် လဲလှယ်ထုတ်ယူရမည်။

အသင်းအဖွဲ့သည် ဤယာယီမှတ်ပုံတင်လက်မှတ် ကျောဘက်တွင် ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

ဥက္ကဋ္ဌ (                    )

----------၊ အတွင်းရေးမှူး

ရက်စွဲ၊ ၂၀     ခုနှစ်၊             လ          ရက်

## စည်းကမ်းချက်များ

၁။ ယာယီမှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့သည် ပုံစံ (၂) ပါ အသင်းအဖွဲ့၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခွင့်ရှိသည်။

၂။ ယာယီမှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ပြောင်းလဲခြင်းနှင့် လွှဲပြောင်းခြင်းမပြုရ။

၃။ ယာယီမှတ်ပုံတင်လက်မှတ်ကို အများပြည်သူမြင်သာသောနေရာတွင် ထားရှိရမည်။

၄။ တာဝန်ရှိသူများက အသင်းအဖွဲ့သို့ လာရောက်စစ်ဆေးသည့်အခါ ပူးပေါင်းဆောင်ရွက်ရမည်။

၅။ အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခွဲခြားမှုမဖြစ်စေရန်နှင့် အန္တရာယ်မဖြစ်စေရန် စီမံဆောင်ရွက်ရမည်။

၆။ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းနှင့် အသွားအလာကန့်သတ်ထားသည့် နယ်မြေများတွင် အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်လိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူ၍ ပူးပေါင်းဆောင်ရွက်ရမည်။

၇။ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်ခြင်း၊ အကျိုးအမြတ်ရယူပြီးဆောင်ရွက်ခြင်း၊ အစိုးရဌာနများ၏ လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် စည်းရုံးဆွဲဆောင်ခြင်း မပြုရ။

၈။ အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းကို ဥပဒေနှင့်မညီညွတ်သောကိစ္စများအတွက် အသုံးပြုခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအတွက် အားပေးကူညီခြင်း၊ ထောက်ပံ့ခြင်းမပြုရ။

၉။ တည်ဆဲဥပဒေနှင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၀။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသည့် ဆောင်ရွက်မှုများ မပြုရ။

၁၁။ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလတစ်ကြိမ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ မပျက်မကွက် တင်ပြရမည်။

၁၂။ နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ရေးအဖွဲ့သို့ မပျက်မကွက် တင်ပြရမည်။

၁၃။ အသင်းအဖွဲ့၏အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံဒီဇိုင်းပုံစံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ အမှုဆောင်ပြောင်း၊ လိပ်စာပြောင်း၊ ရုံးခွဲဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်းများနှင့် လက်မှတ်ပျက်စီး၊ ပျောက်ဆုံးခြင်းများရှိပါက မှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူရမည်။

၁၄။ မှတ်ပုံတင်လက်မှတ်လာရောက်ထုတ်ယူလျှင်ယာယီမှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံရမည်။

၁၅။ မှတ်ပုံတင်လက်မှတ် လာရောက်ထုတ်ယူသည့်အခါ အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာအုပ်မိတ္တူကို တင်ပြရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**-----------မှတ်ပုံတင်ရေးအဖွဲ့**

**ပြည်တွင်းအသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်**

**(နည်းဥပဒေ ၉(က))**

၁။ ----------------တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ -----------------ခရိုင်၊ -------------- မြို့နယ်၊ -----------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ -----------------လမ်း၊ အမှတ်--- ---------------တွင် ဖွင့်လှစ်ထားရှိသော ---------------အား အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

၂။ ဖော်ပြပါအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ် အမှတ်သည် ၁/ပြည်တွင်း/---------(၂၀၂၂)ဖြစ်၍ ---------ခုနှစ်၊---------လ --------ရက်နေ့အထိ အတည်ဖြစ်သည်။

၃။ အသင်းအဖွဲ့သည် ဤမှတ်ပုံတင်လက်မှတ်၏ တစ်ဖက်ရှိ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန်နှင့် ကျောဘက်တွင် ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

ဥက္ကဋ္ဌ (            )

------------၊ အတွင်းရေးမှူး

ရက်စွဲ၊ ၂၀      ခုနှစ်၊              လ          ရက်

## စည်းကမ်းချက်များ

၁။ မှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ပြောင်းလဲခြင်းနှင့် လွှဲပြောင်းခြင်းမပြုရ။

၂။ မှတ်ပုံတင်လက်မှတ်ကို အများပြည်သူမြင်သာသောနေရာတွင် ထားရှိရမည်။

၃။ တာဝန်ရှိသူများက အသင်းအဖွဲ့သို့ လာရောက်စစ်ဆေးသည့်အခါ ပူးပေါင်းဆောင်ရွက်ရမည်။

၄။ အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းကိုသာ အသုံးပြုရမည်။

၅။ အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခွဲခြားမှုမဖြစ်စေရန်နှင့်အန္တရာယ်မဖြစ်စေရန် စီမံဆောင်ရွက်ရမည်။

၆။ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းနှင့် အသွားအလာကန့်သတ်ထားသည့် နယ်မြေများတွင် အကူအညီပေးရေး လုပ်ငန်းများဆောင်ရွက်လိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူ၍ ပူးပေါင်းဆောင်ရွက်ရမည်။

၇။ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်ခြင်း၊ အကျိုးအမြတ်ရယူပြီးဆောင်ရွက်ခြင်း၊ အစိုးရ ဌာနများ၏လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် စည်းရုံးဆွဲဆောင်ခြင်း မပြုရ။

၈။ အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းကို ဥပဒေနှင့်မညီညွတ်သောကိစ္စများအတွက် အသုံးပြုခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအတွက် အားပေးကူညီခြင်း၊ ထောက်ပံ့ခြင်းမပြုရ။

၉။ တည်ဆဲဥပဒေနှင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၀။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်စေသည့် ဆောင်ရွက်မှုများမပြုရ။

၁၁။ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလ တစ်ကြိမ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ မပျက်မကွက် တင်ပြရမည်။

၁၂။ နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ရေးအဖွဲ့သို့ မပျက်မကွက် တင်ပြရမည်။

၁၃။ အသင်းအဖွဲ့၏ အမည်၊ တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံဒီဇိုင်းပုံစံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ အမှုဆောင်ပြောင်း၊ လိပ်စာပြောင်း၊ ရုံးခွဲဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်း၊ လက်မှတ်ပျက်စီး၊ ပျောက်ဆုံးခြင်းနှင့် အသင်းအဖွဲ့ ဖျက်သိမ်းခြင်းများရှိပါက မှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြခွင့်ပြုချက် ရယူရမည်။

၁၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အမှုဆောင်များဖြင့်သာ လုပ်ငန်း ဆောင်ရွက်ရမည်။

၁၅။ သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၉၀) ကြိုတင်၍ လျှောက်ထား ရမည်။ ပျက်ကွက်ပါက ဒဏ်ကြေးပေးဆောင်ရမည်။

**ပုံစံ (၅) (နောက်ဆက်တွဲ (က))**

**------------အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်**

**လက်မှတ်အမှတ်၊----------------**

**ရည်ရွယ်ချက်။** ------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

**လုပ်ငန်းစဉ်။** ------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ဥက္ကဋ္ဌ (               )

------------- ၊ အတွင်းရေးမှူး

**ပုံစံ (၅) (နောက်ဆက်တွဲ (ခ))**

**-----------အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်**

**လက်မှတ်အမှတ်၊----------------**

**ရုံးခွဲများ။** ----------------------------------------------------------------------------

----------------------------------------------------------------------------

----------------------------------------------------------------------------

----------------------------------------------------------------------------

ဥက္ကဋ္ဌ (                )

------------ ၊ အတွင်းရေးမှူး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့**

**အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်**

**(နည်းဥပဒေ ၂၄(က))**

၁။ --------------------တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ --------------------ခရိုင်၊ ----------------မြို့နယ်၊ ----------------------------ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ --------------------------------------------- လမ်း၊ အမှတ် ---------- တွင် ဖွင့်လှစ်ထားရှိသော ----------------အား အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

၂။ ဖော်ပြပါအသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ် အမှတ်သည် ၁/ နိုင်ငံတကာ/----------(၂၀၂၂) ဖြစ်၍ ----------ခုနှစ်၊---------လ -------- ရက်နေ့အထိ အတည်ဖြစ်ပါသည်။

၃။ အသင်းအဖွဲ့သည် ဤမှတ်ပုံတင်လက်မှတ်၏ တစ်ဖက်ရှိ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန်နှင့် ကျောဘက်တွင်ဖော်ပြထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

ဥက္ကဋ္ဌ ( )

———————၊ အတွင်းရေးမှူး

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

## စည်းကမ်းချက်များ

၁။ မှတ်ပုံတင်လက်မှတ်ကို ပြင်ဆင်ပြောင်းလဲခြင်းနှင့် လွှဲပြောင်းခြင်းမပြုရ။

၂။ မှတ်ပုံတင်လက်မှတ်ကို အများပြည်သူမြင်သာသောနေရာတွင် ထားရှိရမည်။

၃။ တာဝန်ရှိသူများက အသင်းအဖွဲ့သို့ လာရောက်စစ်ဆေးသည့်အခါ ပူးပေါင်းဆောင်ရွက်ရမည်။

၄။ အသင်းအဖွဲ့အမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းကိုသာ အသုံးပြုရမည်။

၅။ အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခွဲခြားမှုမဖြစ်စေရန်နှင့်အန္တရာယ် မဖြစ်စေရန် စီမံဆောင်ရွက်ရမည်။

၆။ အရေးပေါ်အကူအညီပေးရေးလုပ်ငန်းနှင့် အသွားအလာကန့်သတ်ထားသည့် နယ်မြေများတွင် အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်လိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူ၍ ပူးပေါင်းဆောင်ရွက်ရမည်။

၇။ ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်ခြင်း၊ အကျိုးအမြတ်ရယူပြီးဆောင်ရွက်ခြင်း၊ မှတ်ပုံတင်စဉ်ကတင်ပြထားသည့် နယ်မြေဒေသထက်ကျော်လွန်၍ ဆောင်ရွက်ခြင်း၊ အစိုးရဌာနများ၏ လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် စည်းရုံးဆွဲဆောင်ခြင်းမပြုရ။

၈။ အသင်းအဖွဲ့ပိုင်ငွေကြေးနှင့်ပစ္စည်းကို ဥပဒေနှင့်မညီညွတ်သောကိစ္စများအတွက် အသုံးပြုခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများအတွက် အားပေးကူညီခြင်း၊ ထောက်ပံ့ခြင်းမပြုရ။

၉။ တည်ဆဲဥပဒေနှင့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၀။ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသည့် ဆောင်ရွက်မှုများမပြုရ။

၁၁။ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလ တစ်ကြိမ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ မပျက်မကွက် တင်ပြရမည်။

၁၂။ နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို သတ်မှတ်ကာလအတွင်း မှတ်ပုံတင်ရေးအဖွဲ့သို့ မပျက်မကွက် တင်ပြရမည်။

၁၃။ အသင်းအဖွဲ့၏အမည်၊တံဆိပ်၊အမှတ်အသား၊ ဝတ်စုံဒီဇိုင်းပုံစံ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ အမှုဆောင်ပြောင်း၊ လိပ်စာပြောင်း၊ရုံးခွဲဖွင့်လှစ်ခြင်း၊ပိတ်သိမ်းခြင်း၊လက်မှတ်ပျက်စီး၊ပျောက်ဆုံးခြင်းနှင့်အသင်းအဖွဲ့ဖျက်သိမ်းခြင်းများရှိပါက မှတ်ပုံတင်ရေးအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူရမည်။

၁၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က စိစစ်မှတ်တမ်းတင်ထားပြီးဖြစ်သည့် အမှုဆောင်များဖြင့်သာ လုပ်ငန်းဆောင်ရွက်ရမည်။

၁၅။ သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်ကို မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၉၀) ကြိုတင်၍ လျှောက်ထားရမည်။ ပျက်ကွက်ပါက ဒဏ်ကြေးပေးဆောင်ရမည်။

**ပုံစံ (၆) (နောက်ဆက်တွဲ (က))**

**------------အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်**

**လက်မှတ်အမှတ်၊----------------**

**ရည်ရွယ်ချက်။** ----------------------------------------------------------------------------------
----------------------------------------------------------------------------------
----------------------------------------------------------------------------------
----------------------------------------------------------------------------------

**လုပ်ငန်းစဉ်။** ----------------------------------------------------------------------------------
----------------------------------------------------------------------------------
